# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၃၂၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် (၄/၂၀၂၅) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လက်ရှိ မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းရန်နှင့် နွေစပါးကို ရေရရှိနိုင်မှုအပေါ်မူတည်ပြီး တိုးချဲ့စိုက်ပျိုးသွားရန်လို

နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီးနောက် ပထမဆုံးခေါ်ယူသည့် အစည်းအဝေးဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍဖြစ်သည့်အတွက် အရေးကြီးသည်ကို ပြောကြားလိုကြောင်း။ *စာမျက်နှာ ၃ ကော်လံ ၁* ❊



စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် (၄/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


**ယနေ့** *ဖတ် စ ရာ*



ချုပ်ငြိမ်းခါနီးတဲ့ နောက်ဆုံးမီးတောက်လား

ဆောင်းပါး စာ ၆

အီဂျစ်နိုင်ငံသည် ဂါဇာသို့ ကူညီထောက်ပံ့ရေး ယာဉ်တန်းစေလွှတ်

နိုင်ငံတကာသတင်း စာ ၁၄



# ❑ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အရေးကြီးသီးနှံ ၁၀ မျိုးအပြင် အာလူး၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံ ၃ မျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အလေးထားဆောင်ရွက်

❄ *ရွှေဖုံးမှ*

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် ပါရှိသည့် **"နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industry) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး"** ဟု နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကော်မရှင်အနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးကို အလေးထားကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူတို့၏ အဓိကလိုအပ်ချက်မှာ စားဝတ်နေရေးဖြစ်သည့်အတွက် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် စိုက်ပျိုးမွေးမြူရေးနှင့် Agro Based Industry ကုန်ထုတ်လုပ်ငန်းတို့သည် အဓိကဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ရေမြေသယံဇာတများစွာ ပေါများသောနိုင်ငံဖြစ်သည့်အတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် တောတောင်သယံဇာတတို့မှ ရရှိကြသည့်အတွက် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲက ပန်းတိုင်အထွက်တိုးရေးနှင့် သီးထပ်များစိုက်ပျိုးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိ မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းရန်နှင့် နွေစပါးကို ရေရရှိနိုင်မှုအပေါ် မူတည်ပြီး တိုးချဲ့စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ လယ်မြေအဖြစ်ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်ကုန်းနေရာများတွင် နှစ်ရှည်သစ်ပင်များ စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရေးသည် အရေးကြီးသည့်အတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို အထူးဇုန်များ သတ်မှတ်စိုက်ပျိုးလျက်ရှိသော်လည်း ရည်မှန်းချက် မပြည့်မီနိုင်သေးကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးရေးကို ၂၀၂၂ ခုနှစ်မှစ၍ လမ်းညွှန်မှာကြားထားပြီးဖြစ်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင်ရလဒ်ကောင်းကိုရရှိရန် အလှမ်းကွာဝေးနေသေးသည့်အတွက် အကြိမ်ကြိမ်တွန်းအားပေး ပြောဆိုနေရခြင်းပင်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် နေကြာတိုးချဲ့စိုက်ပျိုးသင့်ကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားခြင်း၊ စိုက်ပျိုးချိန်ကာလတိုတောင်းခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ကြောင်း၊ နေကြာဆီပိုလျှံထွက်ရှိခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကိုလျှော့နည်းစေပြီး ပြည်ပနိုင်ငံများမှတင်သွင်းမှုလျှော့ချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေမည်ဖြစ်သည့်အတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးကို အလေးထား၍ မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် လူတစ်ဦး တစ်နှစ် ၆ ပိဿာနှုန်းဖြင့် တွက်ချက်ပါက ဆီတန်ချိန် ၅ သိန်း လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးနေသော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းသီးနှံများ၏ ထွက်ရှိမှုအရ စားသုံးဆီထုတ်လုပ်ခဲ့သော် နိုင်ငံတွင်ဖူလုံနိုင်သည်ဟု ခန့်မှန်းတွက်ချက်ရနိုင်သော်လည်း မြေပဲ၊ နှမ်းသီးနှံများမှာ လုံးဆန်အနေဖြင့်လည်း စားသုံးကြသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသောကြောင့် ပြည်တွင်းဆီဖူလုံရေးအတွက် လိုအပ်ချက်ရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စားသုံးဆီအဖြစ်သာ သုံးစွဲနိုင်မည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခုအခါ နှစ်စဉ် ပြည်ပမှ စားအုန်းဆီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖိုးခန့် တင်သွင်းနေရသည့်အတွက် ပြည်ပမှ စားသုံးဆီ တင်သွင်းမှု လျှော့ကျစေရေးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့ စိုက်ပျိုးရန်လိုအပ်ပါကြောင်း။

## အောင်မြင်အောင် ဆောင်ရွက်

အလားတူ နေကြာဆီသည် အရည်အသွေးကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်ပြီး ဈေးကွက်ဝင်သီးနှံဖြစ်သောကြောင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ပါက တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် စပါးနှင့် ပဲကိုသာ အထူးပြုစိုက်ပျိုးသော သီးနှံပုံစံမှ နေကြာကို သီးနှံတစ်မျိုးအနေဖြင့် ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ခင်းတွင် သီးနှံမျိုးစုံလင်အောင်စိုက်ပျိုးနိုင်ကာ (Crop Diversification) ကို ရရှိနိုင်စေခြင်း၊ တစ်ဖန် နေကြာကို သီးလှည့်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအာဟာရကိုလည်း ထိန်းသိမ်းပေးထားနိုင်သည်ဟု လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိတွင် ပြည်တွင်းဆီဖူလုံရေး ဆောင်ရွက်ရာတွင် မြေပဲဆီဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများအနေဖြင့် လက်လှမ်းမီသည့် ဈေးနှုန်းဖြစ်စေရန် ပြည်တွင်းဆီစက်များ ဆက်လက်ရှင်သန်နိုင်ရေး၊ ဆီထွက်သီးနှံ ကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာစေရေးအတွက် ဆီထွက်သီးနှံစုံ တိုးချဲ့စိုက်ပျိုးရေးကို မူဝါဒတစ်ခုအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် စိုက်ဧရိယာပိုမိုတိုးတက်ရေးနှင့် သီးထပ်စွမ်းအားတိုးတက်ရန် ဆောင်ရွက်ရေးတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆိုသည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးပညာရပ်ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပြီး လက်ရှိတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်များအပြင် မိမိတို့အစိုးရ လက်ထက်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျောင်းသား၊ ကျောင်းသူ ၅၀၉၁ ဦး လာရောက်အပ်နှံ တက်ရောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးပြန်လည်ရရှိမှုနှုန်း အလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း။

စိုက်ပျိုးရေရရှိရေးအတွက် လက်ရှိနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်၊ ရေတင်လုပ်ငန်း၊ မြေအောက်ရေ၊ စက်ရေတွင်းများမှ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေချိုသွင်းမြောင်း တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ဆိုလာစနစ်သုံး ရေသွင်းရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အရေးကြီးသီးနှံ ၁၀ မျိုးအပြင် အာလူး၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံ ၃ မျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အလေးထားဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း။

## ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်

စပါးစိုက်ပျိုးသည့်တောင်သူများအား Drum Seeder များ အပြည့်အဝအသုံးပြုပြီး အစေ့ချဆောင်ရွက်ခြင်းဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး နိုင်ငံတော်မှ မတည်ငွေများ အတိုးမဲ့စိုက်ထုတ်ဆောင်ရွက်ပေးထားကြောင်း၊ Drum Seeder များကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး ၆ ခုတို့အတွက် ရှေ့ပြေးဦးစားပေးဆောင်ရွက်ပေးထားပြီး နောက်ပိုင်းတွင် ကျန်ရှိသည့် ဒေသများတွင်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံတော်၏ စီးပွားရေးအထောက်အကူပြုသီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တောင်သူများ အဓိကလိုအပ်သော ယူရီးယားဓာတ်မြေဩဇာနှင့် ၁၅ ပတ်လည်ကွန်ပေါင်းဓာတ်မြေဩဇာတို့ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကောင်မရှင်နှင့် ယူရီးယားဓာတ်မြေဩဇာတင်သွင်းဖြန့်ဖြူးရေး ဦးဆောင်ကော်မတီတို့မှ ဈေးကွက်ပေါက်ဈေးထက် ၂၅ ရာခိုင်နှုန်းအောက် လျှော့နည်းသောဈေးနှုန်းဖြင့် တောင်သူများလက်ဝယ်အရောက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးသီးနှံအထွက်နှုန်းတိုးရန်လိုအပ်သည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးတို့၌ အဓိကဖြန့်ဖြူးပေးထားသည့်အပြင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက်ပါ လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက်လည်း "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုပူပြင်းသည့်ဒေသများတွင် အပူဒဏ်များလွန်ကဲစွာ မခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ သစ်ပင်များမရှိပါက မြေဆီလွှာများ ပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများ နည်းပါးလာပါက ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်သည့်အတွက် ထိုသို့မဖြစ်ပေါ်စေရန် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

အလားတူ မွေးမြူရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးတောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပြီး တိုးတက်လာသည့် ပြည်သူလူထုအတွက် စားရေရိက္ခာ ဖူလုံကြွယ်ဝစေရေးနှင့် အာဟာရဓာတ်ပြည့်ဝစေရေး အထူးအရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် နို့စားနွားတိုးချဲ့မွေးမြူနိုင်အောင် စီမံဆောင်ရွက်ပြီး နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်းတင်သွင်းမှုကို လျှော့ချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နို့စားနွားသာမက အသားစားနွားမွေးမြူရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သိုးနှင့် ဆိတ်မွေးမြူရေးသည်လည်း နိုင်ငံအတွင်းဖြစ်ထွန်းအောင်မြင်နေသည့် မွေးမြူရေးလုပ်ငန်းဖြစ်သည့်အပြင် ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးတွင် လက်ရှိမွေးမြူရေးကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ လှောင်အိမ်စနစ်၊ အအေးခန်းအလုံပိတ်စနစ်များနှင့် ခေတ်မီမွေးမြူနေသည့်လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် လူတစ်ဦးချင်း တစ်နှစ်စားသုံးရမည့် အသားနှင့် ကြက်ဥနှုန်းထား(Per Capital Consumption) တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီး နိုင်ငံသားများ၏ ကျန်းမာရေးအဆင့်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## ဝင်ငွေပိုမိုရရှိစေမည်

ထို့အပြင် ရေချို၊ ရေငန်ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည်လည်း စားရေရိက္ခာဖူလုံရေးအတွက်သာမက ပြည်ပဝင်ငွေရရှိရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့်အတွက် မွေးမြူရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်ကြရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ကာ နိုင်ငံခြားငွေ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးမှထွက်ရှိသည့် အသား၊ ငါးများကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အနေဖြင့် ပြောင်းလဲထုတ်လုပ် တင်ပို့ရောင်းချခြင်းဖြင့် ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး မွေးမြူသူများအတွက်လည်း ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် အဓိကကျသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန် တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများအပါအဝင် UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကဏ္ဍများ ဘက်ပေါင်းစုံမှ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၅**

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသည်။ အဆိုပါ ဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း၊ တံတားတိုင်အမှတ်(P-16) နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရသည်။

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အစား TNLA အကြမ်းဖက် သောင်းကျန်းသူများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ-ရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)တို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက် TNLA နှင့် PDF (Terrorist Group) များမှ မိုင်းခွဲ ဖျက်ဆီးခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာတစ်နိုင်ငံလုံးက ဂုဏ်ယူရပြီး နှစ်ပေါင်း ၁၂၅ နှစ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းများဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကို ဆက်သွယ်ပေးထားသည့် ရှမ်းပြည်နယ် နောင်ချိုမြို့ ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများဖြစ်သည့် TNLA နှင့် PDF (Terrorist Group) များမှ စနစ်တကျကြိုတင်ပြင်ဆင် မိုင်းခွဲဖျက်ဆီးခဲ့ရာ မြန်မာပြည်သူလူထု အသုံးပြုနေသော သမိုင်းဝင်အမွေအနှစ် ဆုံးရှုံးပျက်စီးခဲ့ရသည့် ဖြစ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်၏ ထိုးစစ်ဆင်မှုကို ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဉ့်ကလျားဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးစဉ် စစ်ရေးနှင့် မသက်ဆိုင်သော မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်သည်။ ထိုကဲ့သို့ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား TNLAအကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်(မြောက်ပိုင်း)အတွင်း တပ်မတော်နှင့်ဖြစ်ပွားနေသော နောင်ပိန်ရွာတိုက်ပွဲဖြစ်စဉ်၌ ပြည်သူလူထု၏ အကျိုးစီးပွားကို ငဲ့ညှာထောက်ထားခြင်းမရှိဘဲ ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်း၌ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးခဲ့သည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သော နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့နယ်တို့အား ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူ TNLA လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို စိတ်မကောင်းစွာ ကြားသိခဲ့ရပါသည်။

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသလို မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)ကလည်း လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကိုဆက်သွယ်ထားသော မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မီးရထားလမ်း ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဂုတ်ထိပ်တံတားသည် တံတားအရှည်ပေ ၂၂၆၀ ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကို တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ ပြည်ပ ခရီးသွားများ အများအပြား လာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်း ဖြစ်သည်။

ထိုကဲ့သို့ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်ကို ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၂၂၆၀ ရှိ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB–2)တို့ ပျက်စီးခဲ့ရသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာမှ ဆုတ်ခွာထွက်ပြေးသွားသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်မသက်ဆိုင်သည့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း သိရှိရသည့်အတွက် ဒေသခံပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကျူးလွန်နေသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16)နှင့် ကမ်းကပ်ခုံ(AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ယမန်နေ့ နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ မြန်မာ့အမွေအနှစ်ဖြစ်သည့် သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာကို တပ်မတော်က ပြန်လည်ရရှိချိန် ဆုတ်ခွာထွက်ပြေးသွားသော TNLA အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ မီးရထားလမ်းတံတားတစ်ခုဖြစ်သည့် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကို အသိတရားကင်းမဲ့စွာဖြင့် ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရသည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းမပေါ်တွင် တည်ရှိသည့် တံတားအရှည်ပေ ၂၂၆၀၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော မီးရထားလမ်းတံတားတစ်ခုဖြစ်ကာ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘောပေါ်တွင် ဒုတိယအမြင့်ဆုံး တံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရသည့် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများအား မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်သည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်းသဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် တပ်မတော်မှ နောင်ပိန်ကျေးရွာကို အပြီးတိုင် ပြန်လည်ထိန်းချုပ်ရရှိချိန်၌ ဆုတ်ခွာထွက်ပြေးသွားသော TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို ၂၄–၈–၂၀၂၅ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ (AB – 2)တို့ ပျက်စီးခဲ့ကြောင်း ဝမ်းနည်းဖွယ်သိရှိရပါသည်။

TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပ ခရီးသွားပြည်သူများ အများအပြားလာရောက် ကြည့်ရှုလေ့လာကြပြီး မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာ-ရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားကြီးအား အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက်နေ့တွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာ–ရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ–ရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

(၁) မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်ပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသော ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား ၂၄–၈–၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်ဖွယ်စာရင်းများဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်ဖွယ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းခံလိုက်ရကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ သမိုင်းဝင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

# ချုပ်ငြိမ်းခါနီးတဲ့ နောက်ဆုံးမီးတောက်လား

သိဃ်သူ

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ **"၁၀၂၇ စစ်ဆင်ရေး"**လို့ အမွှမ်းတင်နာမည်ပေးထားတဲ့ ထိုးစစ်တစ်ခုကို တိုင်းရင်းသားအမည်ခံထားတဲ့ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များဖြစ်ကြတဲ့ MNDAA၊ TNLA နဲ့ AA တို့ ပူးပေါင်းလုပ်ခဲ့ကြတာကို အားလုံးသိကြပြီးဖြစ်ပါတယ်။ အကြမ်းဖက်လော်ဘီမီဒီယာတွေက ညီနောင်သုံးဖော်၊ မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ စသည်ဖြင့် ဂုဏ်ပုဒ်အမျိုးမျိုးတပ်ပြီး အရောင်တင်ပေးထားတဲ့ အဲဒီသုံးဖွဲ့အစုအပေါင်းကို အကြမ်းဖက်မှုရှုတ်ချတဲ့ ပြည်တွင်းမီဒီယာတွေနဲ့ Social Influencer တွေကတော့ "မြောက်သုံးကောင်"လို့ပဲ ရှင်းရှင်းလင်းလင်း အမည်သညာ ပြုခဲ့ကြပါတယ်။ တကယ်တော့ "၁၀၂၇ စစ်ဆင်ရေး"ကို မြောက်သုံးကောင်မဟာမိတ်အဖွဲ့က လုပ်ခဲ့တယ်ဆိုရာမှာ မြေပြန့်ဒေသက ရောက်လာကြတဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ အင်အားက အစောပိုင်းကာလမှာ မြို့တွေသိမ်းနိုင်ဖို့၊ အောင်ပွဲတွေခံနိုင်ဖို့ အဓိကအထောက်အကူပြုခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်ပဲ တအာင်းတပ်(TNLA) ဟာ ၁၀၂၇ စစ်ဆင်ရေးပထမပိုင်းမှာ ရှမ်းပြည်နယ်မြောက်ပိုင်းက မြို့ခုနစ်မြို့၊ စစ်ဆင်ရေးဒုတိယပိုင်းမှာ မန္တလေးတိုင်းဒေသကြီးထဲက မိုးကုတ်မြို့အပါအဝင် မြို့ငါးမြို့၊ စုစုပေါင်းမြို့ ၁၂ မြို့ကို ထိန်းချုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ မြောက်သုံးကောင်အဖွဲ့ဟာ ၁၀၂၇ စစ်ဆင်ရေးကို အကောင်အထည်ဖော်ကြရာမှာ **"မြန်မာပြည်သူတစ်ရပ်လုံး လိုလားချက်ဖြစ်သော စစ်အာဏာရှင်စနစ် အမြစ်ဖြုတ်ရေး"**ဆိုတဲ့ မြေပြန့်က ဗမာ PDF အကြမ်းဖက်တွေရဲ့ သည်းခြေကြိုက် စကားလုံးနဲ့မျှားခေါ်ပြီး သူတို့မှာ အရင်ကမရှိခဲ့ဖူးတဲ့ အင်အားမျိုးတည်ဆောက်နိုင်ခဲ့သလို အိမ်နီးချင်းနိုင်ငံကြီးကိုလည်း **"အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေး"** ဆိုတဲ့ ခေါင်းစဉ်နဲ့ လှည့်ဖြားခဲ့ပါတယ်။ တကယ်တော့ ကိုယ်စီအကျိုးစီးပွားတွေ တူညီမှုမရှိကြတဲ့ အဲဒီအဖွဲ့တွေရဲ့ ပေါင်းစည်းမှုဟာ လောလောဆယ်အားဖြင့် တူညီနေတဲ့ ရည်မှန်းချက်တစ်ခုမှာ ယာယီအားဖြင့် ပေါင်းစည်းမှုသာဖြစ်ပြီး ဗမာ PDF တွေကတော့ သူတို့ဆီက လက်နက်၊ ငွေကြေး၊ စစ်ရေးအကူအညီ အထောက်အပံ့ရလိုမှုနဲ့ အောက်ခြေလူငယ်တွေရဲ့ အသက်တွေ၊ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ၊ ဘဝတွေကို ငှားရမ်း၊ ရောင်းစားခဲ့ကြတာဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။



TNLA အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဂုတ်ထိပ်တံတား ထိခိုက်ပျက်စီးမှုအား တွေ့ရစဉ်။

◆ **ဘာပဲဖြစ်ဖြစ် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ လျှိုမြောင်စိမ့်စမ်း ချောက်ကမ်းပါးတွေကို ဖြတ်သန်းဖောက်ထွင်းပြီး ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြရတဲ့ မန္တလေး-လားရှိုး ရထားလမ်းဟာ ကိုလိုနီခေတ်ရဲ့ အမွေအနှစ်တစ်ခုအဖြစ် ကျန်ရစ်ခဲ့သလို အဲဒီလမ်းပေါ်က ဂုတ်ထိပ်တံတားကြီးဟာလည်း ကိုလိုနီခေတ်သမိုင်းကို တခမ်းတနားပြောပြနေဆဲပါ။ လက်ရှိကာလမှာ ကားလမ်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာပြီး မော်တော်ယာဉ်တွေကို ပိုမိုသုံးစွဲလာတာကြောင့် ရထားစီးခရီးသည်တွေ နည်းပါးလာခဲ့ပေမယ့် ရထားခေတ်ကုန်သွားတာမဟုတ်ပါဘူး။ အထူးသဖြင့် နောင်ချို-ကျောက်မဲ-သီပေါဒေသတွေက သဘာဝအလှအပတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ဂုတ်ထိပ်တံတားကြီးလို အထင်ကရ အထိမ်းအမှတ်နေရာတွေ ရှိနေတာကြောင့် တည်ငြိမ်အေးချမ်းတဲ့ကာလတွေတုန်းက ပြည်တွင်းပြည်ပ ခရီးသွားတွေကို ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းခဲ့ကြတာတွေ အများအပြားရှိနေပါတယ်။ ခုချိန်ထိ ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် လှပနေတဲ့ ဂုတ်ထိပ်မှာ TNLA နဲ့ PDF တို့ မြောက်ဘက်ထိပ်နဲ့ တောင်ဘက်ထိပ်တို့ကို ထိန်းချုပ်နေရာယူပြီး ဂုတ်ထိပ်နောက်ခံနဲ့ အလှဓာတ်ပုံတွေ ရိုက်ခဲ့ကြသေးတာ၊ ဘာပဲဖြစ်ဖြစ် ဂုတ်ထိပ်ကို တန်ဖိုးထားခဲ့ကြဖို့ ကောင်းပါတယ်**

အဲဒီအချိန် မြန်မာ့တပ်မတော်ရဲ့အနေအထားကို ကြည့်ရင် နိုင်ငံတစ်ဝန်းနိုင်ငံရေးအရ အရေးပေါ်ကာလ နိုင်ငံ့တာဝန်များစွာကိုခေါင်းတစ်လုံးနဲ့အိုးဆယ်လုံးရွက်နေရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြေပြင်မှာ လုံခြုံရေး၊ စစ်ရေးတာဝန်တွေ ထမ်းဆောင်နေကြရတဲ့ အဆင့်ဆင့်သော အရာရှိတွေ၊ အကြပ်စစ်သည်တွေ၊ တပ်ရင်းတပ်ဖွဲ့တွေ၊ ဌာနချုပ်တွေမှာ အကန့်အသတ်အမျိုးမျိုးနဲ့ ရင်ဆိုင်နေခဲ့ကြရပြီး တစ်ဖက်ရန်သူက အနှစ်နှစ်အလလ ဆင်ကြဲကြံပြီး ကြိုတင်ပြင်ဆင်ပြောင်းလဲလာမှုအပေါ် နည်းပညာအရ၊ အင်အားအရ အလျင်အမြန်တုံ့ပြန်နိုင်မှု အားနည်းခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် အချို့တပ်စခန်းတွေ၊ နယ်မြေတွေ၊ မြို့ရွာတွေကို ယာယီအားဖြင့် လက်လွှတ်ဆုတ်ခွာခဲ့ရပြီး ရန်သူက ဝင်ရောက်နေရာယူတာ၊ ထိန်းချုပ်တာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

ဒီနေရာမှာ ပြောချင်တာက တအာင်းတပ်လို့ဆိုတဲ့ TNLA ပါ။ သူ့ရဲ့ ပကတိအရှိအင်အားအရဆိုရင် အိပ်မက်တောင်မက်ဖို့ ခဲယဉ်းတဲ့အကျိုးအမြတ်တွေကို ၁၀၂၇ စစ်ဆင်ရေးအတွင်းမှာ TNLA တို့ ရခဲ့တာဖြစ်ပါတယ်။ ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်းမှာ TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ဟာ မန္တလေး PDF အပါအဝင် မြေပြန့်ကလာတဲ့ ဗမာPDF အကြမ်းဖက်အဖွဲ့တွေရဲ့ အင်အားတွေနဲ့ ပေါင်းပြီး မိုးကုတ်၊ ကျောက်မဲ၊ မိုးမိတ်၊ နောင်ချိုနဲ့ သီပေါတို့ကို ထိန်းချုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဟာ တရုတ် - မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အဓိက အရေးပါတဲ့လမ်းကြောင်းကြီး ဖြစ်တဲ့အပြင် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းမှုကို ဖော်ဆောင်ပေးနိုင်မယ့် **"ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု (BRI)"** ဆိုင်ရာ စီမံကိန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက်လည်း အဓိကကျတဲ့ လမ်းကြောင်းကြီး ဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ကနေ မန္တလေး၊ ကျောက်ဖြူနဲ့ ရန်ကုန်တို့ကို ဆက်သွယ်မယ့်စီမံကိန်းလမ်းကြောင်းကြီးဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းက နောင်ချို-ကျောက်မဲ-သီပေါ-လားရှိုး စတဲ့မြို့တွေဟာ ဒီလမ်းကြောင်းကြီးရဲ့ အစိတ်အပိုင်း တစ်ရပ်ပေါ်မှာ တည်ရှိနေကြပြီး အဲဒီမြို့တွေကို လူအင်အား၊ လက်နက်အင်အား စုဆောင်းပြီး တိုက်ခိုက်ထိန်းချုပ်ကြခြင်းက ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားအရပ်ရပ်ကို ထိခိုက်ဆုံးရှုံးစေသလို ဒေသတည်ငြိမ်အေးချမ်းမှုကိုလည်း ပျက်စီးစေပါတယ်။ ဒါ့အပြင် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနဲ့ နှစ်နိုင်ငံအကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်မယ့် BRI စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း နှောင့်နှေးသွားစေပါတယ်။ ဒါကြောင့် ရှမ်း(မြောက်) ပြည်ထောင်စုလမ်းမကြီးနဲ့တကွ လမ်းမကြီးတစ်လျှောက်မှာရှိတဲ့ မြို့ရွာဒေသတွေအားလုံးဟာ ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွား၊ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွားအတွက် တည်ငြိမ်အေးချမ်းနေစေဖို့နဲ့ တရားဥပဒေစိုးမိုးမှုအောက်မှာ ရှိနေဖို့လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုအမည်ခံထားတဲ့ မည်သည့် သူပုန်သူကန်၊ အင်အားစု၊ အုပ်စုတွေကမှ ပြန်ပေးဆွဲသလို တိုက်ခိုက်ထိန်းချုပ်ထားလို့မရပါဘူး။

၁၀၂၇ စစ်ဆင်ရေး ဒုတိယပိုင်းမှာ TNLA က နောင်ချိုကို တစ်မြို့လုံးဆိုသလို ထိန်းချုပ်နိုင်ခဲ့တယ်ဆိုပေမယ့် နောင်ချိုရဲ့တောင်ဘက် မိုင်အနည်းငယ်အကွာမှာရှိတဲ့ တောင်ခမ်းရွာအခြေစိုက် အမှတ်(၉၀၂) အမြောက်တပ်မဌာနချုပ်နဲ့ အမတ(၃၅၄) တို့ကိုတော့ မထိန်းချုပ်နိုင်ခဲ့ပါဘူး။ ဖွဲ့၊ သတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်အပြည့်နဲ့ ရက်ရှည်လများကြာတဲ့တိုင်အောင် အံ့မခန်းခုခံတွန်းလှန်ခဲ့ကြတဲ့ တောင်ခမ်းစစ်သည်သူရဲကောင်းတွေဟာ အခုချိန်မှာ သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့ကြပါပြီ။ ပလောင်ခန်းတဲ့ တောင်ခမ်းလို့ ပြည်တွင်းမီဒီယာတွေက ဩဘာပေးခဲ့ကြသလို ပြည်ထောင်စုကြီးတည်ငြိမ်အေးချမ်းမှုကို လိုလားတောင့်တကြတဲ့ ပြည်တွင်းက ပြည်သူတွေ၊ ဒေသခံတိုင်းရင်းသားတွေရဲ့ တစ်ခဲနက် ထောက်ခံအားပေးမှုနဲ့အတူ မြန်မာ့တပ်မတော်ဟာ တောင်ခမ်းကနေ အောင်မြေချနိုင်ခဲ့ပါတယ်။

ထောင်ထားတဲ့ ဖဲချပ်ကလေးတွေ တစ်ခုပြီးတစ်ခု လဲကျသွားတဲ့ကစားနည်းလိုပါပဲ တောင်ခမ်းကစတဲ့ TNLA ရဲ့အရှုံးဟာ တားမရ ဆီးမရ ဖြစ်လာခဲ့သလို လက်အောက်ခံအဖြစ် မွေးမြူထားခဲ့တဲ့ ဗမာ PDF၊ ခနေ PDF တွေနဲ့လည်း အိုးစားကွဲစပြုတဲ့ အသံတွေ ထွက်ပေါ်လာပါတယ်။ ၁၀၂၇ အစောပိုင်း အောင်ပွဲခံနေတဲ့ကာလမှာ စစ်ဝတ်စုံ စတိုင်ကျကျနဲ့ မြို့ပြရဲ့ လူသူကင်းမဲ့တဲ့ လမ်းများပေါ်မှာ ရှိုးထုတ်ဓာတ်ပုံရိုက်ခံခဲ့ကြတဲ့ TNLA နဲ့ PDF ထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ပုံတွေဟာ ကြည့်လို့ကောင်းသလောက် နောင်ချိုအနီးတစ်ဝိုက်က တောထူတဲ့ လျှိုမြောင်တွေထဲမှာ လူမသိသူမသိ

*စာမျက်နှာ ၇ သို့*

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၅)

၁။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့ ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖျက်ဆီးခံခဲ့ရကြောင်း သိရှိရပါသည်။ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့သော နိုင်ငံ၏ အထင်ကရနှင့် သမိုင်းဝင်တံတားဖြစ်ပါသည်။ ဤအဖျက်လုပ်ရပ်သည် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝနှင့် စီးပွားရေးဆောင်ရွက်မှုများအပေါ် ပြင်းထန်စွာ ထိခိုက်စေသည်သာမက မြန်မာနိုင်ငံ၏ သမိုင်းဝင်အမွေအနှစ်တစ်ခုအား ထိခိုက်ပျက်စီးစေခြင်း ဖြစ်ပါသည်။

၂။ တံတားကြီးများဥပဒေအရ တံတားကြီးအင်္ဂါရပ်များကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများမပြုလုပ်ရန် တားမြစ်ထားပါသည်။ ဂုတ်ထိပ်တံတား ဖျက်ဆီးခံရခြင်းသည် အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံကို ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုဖြစ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂ (ဂ) အရ အကြမ်းဖက်မှု ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်သည့် ရာဇဝတ်မှု မြောက်၍ တရားမျှတမှုမရှိသော အကြမ်းဖက် ကျူးလွန်မှုအားလုံးကို ပြတ်ပြတ်သားသား ရှုတ်ချကြောင်း အသိအမှတ်ပြုထားပါသည်။ ဂုတ်ထိပ်တံတားအား ဖျက်ဆီးသည့် အကြမ်းဖက်မှုလုပ်ရပ်သည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို ခြိမ်းခြောက်သည့် လုပ်ရပ်ဖြစ်သည်ဟု မှတ်ယူပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

*စာမျက်နှာ ၆ မှ*

စွန့်ပစ်ခံလိုက်ရတဲ့ PDF လူငယ်တွေရဲ့ အသက်မဲ့ ခန္ဓာကိုယ်တွေအကြောင်းကိုတော့ သူတို့ဘက်က လူတွေ ဘယ်သူကမှ ထုတ်ဖော်မပြောကြတော့ပါဘူး။ လက်ရှိအချိန်မှာတော့ တပ်မတော်က အကြမ်းဖက်သောင်းကျန်းသူ သူပုန်သူကန်နှိမ်နင်းရေးကို ပြတ်ပြတ်သားသား ဆောင်ရွက်လာချိန်ဖြစ်သလို အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ နောက်လိုက်တွေအားလုံး သွေးလေချောက်ချားချိန်၊ သွေးရူးသွေးတန်းနဲ့ ကယောင်ကတမ်း တုန်လှုပ်စွာနဲ့ နေဝင်ဆည်းဆာကို မျှော်ကြည့်နေရချိန်ရောက်လာနေပါပြီ။

TNLA အကြမ်းဖက်သောင်းကျန်းသူတို့ တစ်နှစ်ကျော်ကြာအောင် ထိန်းချုပ်ထားခဲ့တဲ့ နောင်ချိုမြို့ကို တပ်မတော်စစ်ကြောင်းများက ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ မွန်းတည့် ၁၂ နာရီလောက်မှာ အပြီးတိုင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ တပ်မတော်က နောင်ချိုကို ထိုးစစ်ဆင်နေတဲ့အချိန် အတွင်းမှာ TNLA က နောင်ချိုနဲ့ ကျောက်မဲကြား ဂုတ်တွင်းလမ်းပိုင်းကို ဇူလိုင်လ ၁၀ ရက် မနက်ပိုင်းမှာကတည်းက ပိတ်ထားခဲ့ပြီး ဇူလိုင်လ ၁၄ ရက်မှာ သူတို့ရဲ့ ဆုတ်ခွာထွက်ပြေးတဲ့လမ်းကြောင်းပေါ်က ဂုတ်တွင်းတံတားကို မိုင်းခွဲဖျက်ဆီးသွားခဲ့ပါတယ်။

အကြောင်းဆိုက်လာလို့ပြောရရင် TNLA နဲ့ သူ့ရဲ့နောက်လိုက် PDF အကြမ်းဖက်တွေ ဖောက်ခွဲဖျက်ဆီးလိုက်ကြတဲ့ ဂုတ်တွင်းတံတားဟာ NLD အစိုးရလက်ထက် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် မနက်ပိုင်းမှာ မြောက်သုံးကောင်ဖြစ်တဲ့ MNDAA ၊ TNLA နဲ့ AA ပူးပေါင်းသောင်းကျန်းအဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့လို့ ပျက်စီးသွားတဲ့တံတားကို ပြန်လည်ဆောက်ထားတဲ့ တံတားဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး ငါးရက်ကြာ အဆက်အသွယ်ပြတ်သွားခဲ့ရပြီး တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးလည်း ယာယီရပ်ဆိုင်းသွားခဲ့ရပါတယ်။ အရှည်ပေ ၂၁၀ ရှိတဲ့ ဂုတ်တွင်းတံတားကို ယာယီသုံးလွှာနှစ်ထပ်ဘေလီတံတားထိုးပြီး ဩဂုတ်လ ၂၀ ရက်ရောက်မှ ယာဉ်ငယ်တွေ ပြန်သွားနိုင်ခဲ့တာပါ။

ကိုယ်တိုင်တံတားတစ်စင်း မဆောက်ခဲ့ဖူးတဲ့ TNLA ဟာ တံတားတွေ ချိုးရတဲ့နေရာမှာတော့ ဝါသနာထုံပုံရပါတယ်။ ၁၀၂၇ စစ်ဆင်ရေး ပထမလှိုင်းဆိုတဲ့ကာလမှာလည်း မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်က သီပေါမြို့မှာရှိတဲ့ စဥ့်အင်တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ပါတယ်။ စစ်ရေးအရ တပ်ရင်းတပ်ဖွဲ့တွေ သွားလာလို့ မရအောင်၊ ထောက်ပံ့ပို့ဆောင်လို့မရအောင် စသဖြင့် အကြောင်းပြခဲ့ပေမယ့် တကယ်တမ်း ဒုက္ခရောက်ခဲ့တာက ပြည်သူတွေသာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအတွက် သွားရေးလာရေး အင်မတန်ခက်ခဲခဲ့ပြီး ယာယီတံတား ခနော်ခနဲ့ပေါ်ကနေ ဖြတ်သန်းသွားနိုင်ဖို့ သောင်းဂဏန်းနဲ့ချီပြီး ငွေကြေးပေးဆောင်ခဲ့ကြရတာကို အဲဒီအချိန်တုန်းက လူမှုကွန်ရက်တွေပေါ်မှာ တွေ့ခဲ့ရပါတယ်။

TNLA အကြမ်းဖက်တို့ရဲ့ တံတားချိုးတဲ့ဝါသနာ အထုံကတော့ လက်ကုန်ပါပဲလို့ ဆိုရလောက်အောင်

**❖ TNLA နဲ့ အပေါင်းအပါ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ စစ်ရေးအရလို့ပဲဆိုဆို ဘယ်လိုအကြောင်းပြချက်တွေပဲပေးပေး ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတား ဘယ်လိုပဲဖျက်ဆီးသည်ဖြစ်စေ၊ တားဆီးသည်ဖြစ်စေ နေဝင်ချိန်ဟာ နီးသည်ထက် နီးလာခဲ့ပြီဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားကို ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်နည်းပါးစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းက ငြိမ်သက်နှုတ်ဆိတ်နေတတ်တဲ့ အများစုသောပြည်သူလူထုကြီးကိုပါ လှုပ်နှိုးလိုက်သလိုပါပဲ။ ပြည်သူလူထုကြီးရဲ့ ကန့်ကွက်ရှုတ်ချသံတွေ ထွက်ပေါ်လာစေပါတယ်။ ဒီလိုမိုက်မဲတဲ့လုပ်ရပ်ကို ရမ်းရမ်းကားကားလုပ်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့အစည်းကိုလည်း ပြတ်ပြတ်သားသား၊ ပြင်းပြင်းထန်ထန် တုံ့ပြန်ဆောင်ရွက်ဖို့လည်း တောင်းဆိုနေကြပါတယ်**

ပြီးခဲ့တဲ့ ဩဂုတ် ၂၄ ရက်နံနက်ပိုင်းမှာ ပေါ်ထွက်လာတဲ့ သတင်းကြောင့် အထိတ်တလန့်နဲ့ အံ့ဩခဲ့ကြရပါတယ်။ ဟုတ်မှဟုတ်ရဲ့လား။ မိုက်မဲတယ်ဆိုရင်တောင် တကယ်ကို အဲဒီလောက် မိုက်မဲကြတာလား။ ကိုယ့်အမေအိမ်ကိုယ်ပြန်မီးနဲ့ရှို့သလိုမျိုး မိုက်မဲကြတာလား။ မြန်မာနိုင်ငံရဲ့ အထင်ကရအမှတ်အသားတစ်ခုဖြစ်တဲ့ ဂုတ်ထိပ်တံတားကြီးကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်ကြသတဲ့။ မိုက်မဲမှုအတွက် ပြောစရာ စကားပင်မရှိတော့။ တံတားကြီးရဲ့ သက်တမ်းက ၁၂၅နှစ်ရှိပြီ။ သူ့ခေတ်သူ့အခါတုန်းက ကမ္ဘာပေါ်မှာ အကြီးဆုံး၊ အရှည်ဆုံးနဲ့ အံ့ဩဖွယ်အကောင်းဆုံး။ သူ့ခေတ်သူ့အခါမှာ နည်းပညာအားဖြင့် အမြင့်ဆုံး။ ၁၉ ရာစုနှောင်းပိုင်းကာလ နယ်ချဲ့ဝါဒယှဉ်ပြိုင်မှုရဲ့ သမိုင်းဝင်သက်သေပြယုဂ်တစ်ခု။

၁၉ ရာစုဟာ အရင်းရှင်နယ်ချဲ့နိုင်ငံတွေရဲ့ ယှဉ်ပြိုင်မှု အပြင်းထန်ဆုံးကာလဖြစ်ပါတယ်။ အာရှတိုက်မှာ အိန္ဒိယကို သိမ်းပိုက်လိုက်နိုင်တာကြောင့် ကမ္ဘာပေါ်မှာ အချမ်းသာဆုံး၊ အကြွယ်ဝဆုံး ဖြစ်ခဲ့တဲ့ ဗြိတိန်ဟာ နောက်တစ်ဆင့်အနေနဲ့ တရုတ်နိုင်ငံကို လှမ်းမျှော်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံအတွင်းပိုင်းက ယူနန်၊ ဆီချွမ် စတဲ့ပြည်နယ်တွေဟာ ပါးစပ်ပြောစကားတွေအရ အင်္ဂလန်က ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေအတွက် ကြီးမားတဲ့ဈေးကွက်ကောင်းတွေလို့ အထင်ရှိပြီး တရုတ်နိုင်ငံကို ဝင်ရောက်နိုင်မယ့် အတိုဆုံးလမ်းကြောင်းကို ရှာဖွေခဲ့ကြတာပါ။ ဗြိတိသျှတို့နဲ့အပြိုင် ပြင်သစ်ကလည်း ကြိုးပမ်းနေတာမို့လို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အနိုင်မခံအကျောမပေး ပြိုင်ဆိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သုံးကြိမ်စစ်ပြုပြီး သိမ်းပိုက်ရာမှာ အဓိကစေ့ဆော်မှုက မြန်မာနိုင်ငံရဲ့ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး၊ ကျောက်မျက်ရတနာဆိုတာတွေထက် တရုတ်နိုင်ငံဈေးကွက်ကို ပိုပြီး စူးစိုက်ခဲ့ကြတာဖြစ်ပါတယ်။

ဗြိတိသျှလက်အောက် မြန်မာတစ်နိုင်ငံလုံး ရောက်ပြီးတဲ့အခါ တရုတ်နိုင်ငံဈေးကွက်ဟာ သူတို့ထင်သလို မဟုတ်ဘူးဆိုတာကို နောက်ထပ်ရရှိတဲ့ အချက်အလက်တွေအရ သိလာရပြီး ဝိဝါဒတွေ ကွဲပြားနေတဲ့ကြားက မန္တလေး-လားရှိုး ရထားလမ်းကို ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ အဓိကအကြောင်းရင်းကတော့ အဲဒီအချိန်မှာ ပြင်သစ်က ဗီယက်နမ်ကနေ ယူနန်ကိုပေါက်တဲ့ ရထားလမ်းဖောက်လုပ်နေပြီဖြစ်တာကြောင့် အကျောမခံချင်တာကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မူလက မန္တလေး-လားရှိုး-ကွမ်းလုံကနေ တရုတ်နိုင်ငံအထိ ဖောက်ဖို့ရည်ရွယ်ခဲ့တဲ့ ရထားလမ်းကို ကိုလိုနီယန္တရားရဲ့ အုပ်ချုပ်ရေး၊ ကုန်သွယ်ရေး၊ စစ်ရေးတို့မှာ အသုံးပြုဖို့ ရည်ရွယ်ချက်တွေနဲ့ လားရှိုးအထိပဲ ဖောက်လုပ်ခဲ့ပြီး ကျန်တဲ့အပိုင်းတွေကို တိုင်းတာရေးလုပ်ငန်းတွေပဲ လုပ်ခဲ့တယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ လျှိုမြောင်စိမ့်စမ်း ချောက်ကမ်းပါးတွေကို ဖြတ်သန်းဖောက်ထွင်းပြီး ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြရတဲ့ မန္တလေး-လားရှိုး ရထားလမ်းဟာ ကိုလိုနီခေတ်ရဲ့ အမွေအနှစ်တစ်ခုအဖြစ် ကျန်ရစ်ခဲ့သလို အဲဒီလမ်းပေါ်က ဂုတ်ထိပ်တံတားကြီးဟာလည်း ကိုလိုနီခေတ်သမိုင်းကို တခမ်းတနားပြောပြနေဆဲပါ။ လက်ရှိကာလမှာ ကားလမ်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာပြီး မော်တော်ယာဉ်တွေကို ပိုမိုသုံးစွဲလာတာကြောင့် ရထားစီးခရီးသည်တွေ နည်းပါးလာခဲ့ပေမယ့် ရထားခေတ်ကုန်သွားတာမဟုတ်ပါဘူး။ အထူးသဖြင့် နောင်ချို-ကျောက်မဲ-သီပေါဒေသတွေက သဘာဝအလှအပတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ဂုတ်ထိပ်တံတားကြီးလို အထင်ကရ အထိမ်းအမှတ်နေရာတွေရှိနေတာကြောင့် တည်ငြိမ်အေးချမ်းတဲ့ကာလတွေတုန်းက ပြည်တွင်းပြည်ပခရီးသွားတွေကို ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းခဲ့ကြတာတွေ အများအပြားရှိနေပါတယ်။ ခုချိန်ထိ ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် လှပနေတဲ့ ဂုတ်ထိပ်မှာ TNLA နဲ့ PDF တို့ မြောက်ဘက်ထိပ်နဲ့ တောင်ဘက်ထိပ်တို့ကို ထိန်းချုပ်နေရာယူပြီး ဂုတ်ထိပ်နောက်ခံနဲ့ အလှဓာတ်ပုံတွေ ရိုက်ခဲ့ကြသေးတာ၊ ဘာပဲဖြစ်ဖြစ် ဂုတ်ထိပ်ကို တန်ဖိုးထားခဲ့ကြဖို့ ကောင်းပါတယ်။

ခုတော့ ကျော်မကောင်း၊ ကြားမကောင်းလို့ ဆိုရလောက်အောင် TNLA အကြမ်းဖက်လူဆိုးလူမိုက်တို့က ဂုတ်ထိပ်ကို ဖျက်ဆီးလိုက်ကြပြီ။ နိုင်ငံပိုင်သတင်းစာမှာပါတဲ့သတင်းအရ “ TNLA လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ယနေ့ (ဩဂုတ် ၂၄ ရက်) နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ် (P-16) နှင့် ကမ်းကပ်ခုံ (AB-2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ (AB-2) တို့ ပျက်စီးခဲ့ရသည်။ ” လို့ သိရပါတယ်။ တံတားဖျက်ဆီးခြင်းနဲ့ ပတ်သက်လို့ TNLA တို့မှာ ဆင်ခြေပေးစရာအကြောင်း သိပ်မရှိ။ ယခုလက်ရှိမှာ တပ်မတော်ရဲ့ ထိုးစစ်က နောင်ချိုကို ကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။

နောင်ချိုဟာ ပြာပုံထဲက ဖီးနစ်ငှက်လို လူးလွန့်နိုးထလာနေပါပြီ။ နောင်ချိုနဲ့ ဝန်းကျင်ကျေးရွာတွေဆီက စာသင်ကျောင်းတွေမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတို့ တလူလူလွင့်ထူခဲ့ပြီ။ ဤနိုင်ငံ ဤရေ ဤမြေသည် ပြည်ထောင်စုဖွား နိုင်ငံသူနိုင်ငံသားအားလုံး၏ ရေမြေဖြစ်သည်လို့ ပြဆိုနေခဲ့ပါပြီ။ ကျောင်းသူ ကျောင်းသား ကလေးငယ်တွေရဲ့ စာအံသံတွေလည်း နောင်ချိုဒေသရဲ့ လေထုထဲမှာ လွင့်ပျံ့နေခဲ့ပြီဖြစ်ပါတယ်။ နောင်ချိုသူ နောင်ချိုသား ဒေသခံပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစစအရာရာတို့ ပုံမှန်အတိုင်း လည်ပတ်လာနိုင်စေဖို့ တစ်နေ့ပြီး တစ်နေ့ လုံးပန်းနေကြပြီလည်း ဖြစ်ပါတယ်။

TNLA နဲ့အပေါင်းအပါ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ စစ်ရေးအရလို့ပဲဆိုဆို ဘယ်လိုအကြောင်းပြချက်တွေပဲပေးပေး ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတား ဘယ်လိုပဲဖျက်ဆီးသည်ဖြစ်စေ၊ တားဆီးသည်ဖြစ်စေ နေဝင်ချိန်ဟာ နီးသည်ထက်နီးလာခဲ့ပြီဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားကို ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်နည်းပါးစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းက ငြိမ်သက်နှုတ်ဆိတ်နေတတ်တဲ့ အများစုသော ပြည်သူလူထုကြီးကိုပါ လှုပ်နှိုးလိုက်သလိုပါပဲ။ ပြည်သူလူထုကြီးရဲ့ ကန့်ကွက်ရှုတ်ချသံတွေ ထွက်ပေါ်လာစေပါတယ်။ ဒီလိုမိုက်မဲတဲ့လုပ်ရပ်ကို ရမ်းရမ်းကားကားလုပ်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့အစည်းကိုလည်း ပြတ်ပြတ်သားသား၊ ပြင်းပြင်းထန်ထန် တုံ့ပြန်ဆောင်ရွက်ဖို့လည်း တောင်းဆိုနေကြပါတယ်။

**ဒီထက်မကဆိုရရင် ပြီးခဲ့တဲ့နှစ်များအတွင်း တိုင်းရင်းသားအမည်ခံထားတဲ့ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေဟာ သူတို့ရဲ့သရုပ်သကန်အစစ်အမှန်ကို ထုတ်ဖော်ပြသလာကြပါတယ်။ သူတို့ရဲ့ ရိုင်းစိုင်းမှု၊ ရက်စက်မှု၊ ယုတ်မာမှု၊ ကြမ်းတမ်းမှုတွေဟာ မဖုံးနိုင် မဖိနိုင်အောင် ထွက်ပေါ်လာကြပြီး သူတို့အဖွဲ့တွေကြားက သပွတ်အူ အရှုပ်အထွေးတွေ၊ လူမဆန်တဲ့လုပ်ရပ်တွေ စတာတွေကို သူတို့အဖွဲ့ဝင်တွေကိုယ်တိုင် ထုတ်ဖော်ပြောကြားလာကြတာတွေကိုလည်း မကြားချင်၊ မမြင်ချင်တစ်ဆုံး ကြားကြရ၊ မြင်ကြရပါတယ်။ ဒါတွေဟာ ပျက်စီးခြင်းရဲ့ အဖွင့်နိဒါန်းတွေလို့ ဆိုနိုင်ပါတယ်။**

အခုလည်း TNLA ရဲ့ မဆင်မခြင်လုပ်ရပ်က ချုပ်ငြိမ်းခါနီး မီးတောက်ကလေးနောက်ဆုံးတောက်လိုက်ခြင်းလားလို့ စဉ်းစားဆင်ခြင်စရာပါ။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး... 



**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံမှ ဆက်လက်ပံ့ပိုးကူညီမည့်အခြေအနေတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jai အား လက်ခံတွေ့ဆုံ

## တရုတ် - မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia အား ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ လက်ခံတွေ့ဆုံသည်။(ဝဲပုံ)

တွေ့ဆုံစဉ် တရုတ် - မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ တရုတ်နိုင်ငံချေးငွေများနှင့်ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ အခြေအနေများ၊ နှစ်နိုင်ငံအကြား ငွေပေးချေမှု ကိစ္စရပ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှသင်တန်းများပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေနှင့်ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထား ထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြားရှိ နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးလိုက်သဖြင့် အဆိုပါ တံတားကြီးမှာ ပျက်စီးသွားခဲ့ရပါသည်။

၂။ အဆိုပါကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲသည့် လုပ်ရပ်နှင့်ပတ်သက်၍ စစ်ရေးနှင့်မသက်ဆိုင်ဘဲ နိုင်ငံအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကူးလူးဆက်ဆံသွားလာနိုင်ရန် တည်ဆောက်ခဲ့သည့်တံတားကြီးအား ဖျက်ဆီးခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါအကြမ်းဖက်သမားများ၏ လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

ယခုလ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်တံတားအား မိုင်းခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

**ကြေညာချက်အမှတ် - ၂၇ / ၂၀၂၅**
**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်**

မြန်မာနိုင်ငံ၏ အထင်ကရ အမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ် စာရင်းဝင် နှစ်ပေါင်း(၁၂၅)နှစ် သက်တမ်းရှိ ကမ္ဘာကျော် "ဂုတ်ထိပ်တံတား" ကို TNLA အကြမ်းဖက်သမားများက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့ တွင် ဗုံးခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် များစွာနှမြောတသ ဖြစ်ရပါသည်။

တန်ဖိုးထားရမည့် ရှေးဟောင်းအဆောက်အဦ "ဂုတ်ထိပ်တံတား" ကြီးကို ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# ကံမမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ၄၉ ရာခိုင်နှုန်း ထုတ်ချေးပြီးစီး

**ကံမ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၁ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယနေ့ နံနက်က မင်းပြင်ကျေးရွာအုပ်စုမှ တောင်သူ ၂၅၇ ဦးတို့၏ မိုးစပါးစိုက်ဧက ၃၉၆ ဧက၊ မိုးနှမ်းစိုက်ဧက ၃၇၀ နှင့် ပဲတီစိမ်းစိုက်ဧက ၅၈၁ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၅၄၅ သိန်းအား ထုတ်ပေးခဲ့ပြီး ကျေးရွာအုပ်စု ၂၅ အုပ်စု ထုတ်ချေးပြီးစီးရာ ၄၉ ရာခိုင်နှုန်း ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ထုတ်ပေးရာတွင် ကံမမြို့နယ်၌ ငွေကျပ် သိန်းပေါင်း သုံးသောင်းအား ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းကျပ်နှုန်း၊ မြေပဲ၊ နှမ်းအစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ တက်ရောက်

## ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ ကြည့်ရှုအားပေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

လှိုင်ကော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အတူ ယနေ့တွင် ကယားပြည်နယ် လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲနှင့် ပြည်သူများ အပန်းပြေစေရန်၊ စိတ်ခွန်အားရရှိနိုင်ရန် အနုပညာရှင်များ၏ ဖျော်ဖြေပွဲများသို့ တက်ရောက်အားပေးပြီး လှိုင်ကော်မြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လာရောက်ဖျော်ဖြေကြသည့် အနုပညာရှင်များက လှိုင်ကော်မြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ပြုလုပ်သော လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအတွက် ဆွမ်း၊ ဆီနှင့် လှူဖွယ်ဝတ္ထုများလှူဒါန်းပွဲသို့ တက်ရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ကြရာ အဆိုပါဆွေးနွေးပွဲသို့ လှိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားတစ်ဦးက “လူချွန်လူကောင်း” တေးသီချင်းဖြင့်လည်းကောင်း၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ကယားတို့၏ သဘာဝအလှနှင့် စုပေါင်းအကတေး သရုပ်ဖော်ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး **“မြေလျှင်ဒဏ်ကျော်ဖြတ်ကာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်”** နှင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** မှတ်တမ်းရုပ်သံ Video Clip တို့ကို ပြသသည်။

**ဝိုင်းဝန်းအကောင်အထည်ဖော်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် မန္တလေးငလျင်ဘေးဒဏ်ကို ခံစားရမှုမရှိသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် တိုက်ပွဲဖြစ်စဉ်များ ကြုံတွေ့ခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားသည့် ဒဏ်ကို ခံစားခဲ့ကြရပါကြောင်း၊ ယခုအခါ တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပြန်လည်ဖော်ဆောင်ပေးနိုင်မှုနှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူချစ်သော အနုပညာရှင်များကလည်း ကယားပြည်နယ်ရှိ ပြည်သူများထံ အရောက်လာပြီး အနုပညာစွမ်းအားဖြင့် စိတ်ခွန်အားရရှိနိုင်စေရန် ဖျော်ဖြေပေးခြင်းဖြစ်ပါကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် လုပသောအနာဂတ်ကို အတူတကွ ဝိုင်းဝန်းအကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အဖွဲ့များကို ဆုငွေချီးမြှင့်ပြီး ကယားပြည်နယ်မှ အဆင့်မြင့်ကျောင်းများအတွက် သုတရသစာအုပ်စာစောင်များ၊ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)အတွက် MRTV DTH စလောင်းစက်ပစ္စည်းအစုံနှင့် MRTV T – 2 Set Top Box တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင် ရန်အောင်တို့က ဆွေးနွေးပွဲ တက်ရောက်လာသူများအတွက် MRTV DTH စလောင်းစက်ပစ္စည်းအစုံနှင့် MRTV T–2 Set Top Box တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် ကယားပြည်နယ်ရှိ အဆင့်မြင့်ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ လေးဦးက အင်္ဂလိပ်စာစွမ်းရည် သရုပ်ပြတင်ဆက်ပြီး ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ကာ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်ကော်မြို့ရှိ အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်ကို ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မူလသီရိမင်္ဂလာဈေးကို ၁၉၉၁ ခုနှစ်က အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားရှိရာမှ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အဆင့်မြင့် သီရိမင်္ဂလာဈေးသစ် နှစ်ထပ်အဆောက်အအုံကို ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ရာမှ ယခုနှစ်ဧပြီလအတွင်း ပထမအဆင့်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ဒုတိယအဆင့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဈေးအတွင်းလှည့်လည်ကြည့်ရှုကြပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သကဲ့သို့ အနုပညာရှင်များကလည်း ပရိသတ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခြင်း၊ ပရိသတ်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန် Career Fair & Career Forum 2025 ကျင်းပ




နေပြည်တော် ဩဂုတ် ၂၅

**ပထမအကြိမ် Career Fair & Career Forum 2025 ကို ယနေ့ နံနက် ၉ နာရီတွင် Naypyitaw State Academy ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန် ရှိသူများ၊ ခေတ္တပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ခေတ္တပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက Career Forum 2025 ကျင်းပရခြင်းသည် ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်၊ လုပ်ငန်းခွင်ဝင်ရောက်မည့် နည်းလမ်းများ၊ လုပ်ငန်းခွင်ဝင်သည့်အခါ လိုအပ်သည့် ကျွမ်းကျင်မှုများကို လေ့လာသိရှိနိုင်ရန်၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် ကျောင်းသား ကျောင်းသူများအကြား ချိတ်ဆက်မှုကို မြှင့်တင်နိုင်ရန် ဖြစ်ကြောင်း၊ စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်သင်ယူလေ့လာနိုင်စေရန်၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည် တိုးတက်စေရန်နှင့် ကျောင်းသားလူငယ်များ လုပ်ငန်းခွင်ဝန်းကျင်နှင့် ကွန်ရက်ချိတ်ဆက်နိုင်ရန် အဓိကကျသည့် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များအတွက်လည်း ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းများကိုသိရှိပြီး မိမိလုပ်ငန်းခွင်တွင် လိုအပ်သည့် ဝန်ထမ်းများကို ကြိုတင်လေ့လာချိတ်ဆက်ခွင့်၊ ရွေးချယ်ခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ခေတ္တပါမောက္ခချုပ်တို့က Career Fair & Career Forum တွင် ပါဝင်ကူညီခဲ့ကြသော ကုမ္ပဏီနှင့် အဖွဲ့အစည်းများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ Career Fair ပြခန်းများကို ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် Blue Ocean Investment Co., Ltd. မှ Chairman က “Shaping the Future Opportunities” ခေါင်းစဉ်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောဆွေးနွေး၍ “From Campus to Career” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပပြီး ဖိုရမ်တွင် ဟောပြောဆွေးနွေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ပထမအကြိမ် Career Fair & Career Forum 2025 တွင် နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် ကုန်သွယ်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ လက်တွေ့ ခန်းသုံးနှင့်သိပ္ပံပစ္စည်း၊ သင်ထောက်ကူပစ္စည်းဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ စသဖြင့် ပြခန်းပေါင်း ၂၀ ကျော်ပါဝင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# MSME ဆိုတာ ဘာလဲ

ကိုချင်း

MSME (Micro, Small and Medium Enterprises)ကို မြန်မာလိုဆိုရမည်ဆိုပါက **"အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ"**ဟု ဆိုနိုင်ပြီး လူအများနားလည်အောင် ယခုကဲ့သို့ ရှင်းပြနိုင်ပါသည်–

"MSME ဆိုသည်မှာ **ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း** လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေးစက်ရုံတွေအဆုံး အားလုံးကိုခြုံငုံခေါ်ဆိုခြင်းဖြစ်ပါသည်။" ဤလုပ်ငန်းများသည် **စီးပွားရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းပေးခြင်း** အတွက်ပါ အလွန်အရေးကြီးပါသည်။

နိုင်ငံတိုင်းက MSME များကို အားပေးကြသော အဓိကအကြောင်းရင်းမှာ ယင်းလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ **"အဓိကကျောရိုး"** ဖြစ်နေသောကြောင့်ပင်ဖြစ်ပါသည်။

**"နိုင်ငံတစ်နိုင်ငံမှာ ကားတွေ၊ အဆောက်အအုံကြီးတွေချည်းပဲရှိပြီး လမ်းဘေးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှမရှိဘူး၊ ကားပြင်ဆိုင်မရှိဘူး၊ ဈေးသည်တွေမရှိဘူးဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ။ လူတွေနေထိုင်လို့မဖြစ်နိုင်ဘူး မဟုတ်လား။ MSME တွေဟာ လူနေမှုဘဝရဲ့ အခြေခံအုတ်မြစ်တွေဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အောက်ပါအကြောင်းတွေကြောင့် အလွန်အရေးကြီးလို့ နိုင်ငံတိုင်းက မပါမဖြစ် အားပေးကြတာပါ။"**

အသေးစိတ်ရှင်းပြရမည်ဆိုပါက–

၁။ **အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း**

စက်ရုံကြီးတစ်ခုကအလုပ်သမား ၅၀၀ ပဲခန့်နိုင်မည်။ သို့သော်လည်း MSME ၅၀၀ မှ အလုပ်သမားထောင်နှင့်ချီ၍ ခန့်ထားနိုင်ပါသည်။ နိုင်ငံတကာစာရင်းများအရ MSME များသည် **အလုပ်အကိုင် ၇၀–၉၀%** ကို ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များသည် လူငယ်များ၊ ပညာတတ်များ၊ ကျေးလက်နေလူတန်းစားများအတွက် အလုပ်အကိုင်ရရှိရန် အဓိကလမ်းကြောင်းပင် ဖြစ်ပါသည်။

၂။ **စီးပွားရေးတည်ငြိမ်မှုရှိခြင်း**

နိုင်ငံခြားကုမ္ပဏီကြီးများက စီးပွားရေးမကောင်းလျှင် ထွက်သွားနိုင်သော်လည်း ဒေသခံ MSME များမှာမူ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ဤနေရာမှာပဲ နေထိုင်လုပ်ကိုင်ကြမည်ဖြစ်ပြီး ၎င်းတို့သည် စီးပွားရေးအတွက် **"ချိတ်ဆက်တံတား"** ကဲ့သို့ပင် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

၃။ **ဆန်းသစ်တီထွင်မှုများ ပေါ်ထွက်လာနိုင်ခြင်း**

လုပ်ငန်းကြီး၊ ကုမ္ပဏီကြီးများတွင် စည်းကမ်းများပြီး ဆန်းသစ်မှုများ နှေးကွေးနေတတ်သော်လည်း MSME လုပ်ငန်းများမှာ ဈေးကွက်လိုအပ်ချက်ကို မြန်မြန်သိပြီး ပြောင်းလဲနိုင်စွမ်း မြင့်မားခြင်း၊ နည်းပညာအသစ်၊ ဝန်ဆောင်မှုအသစ်၊ ထုတ်ကုန်အသစ်များကို ရဲရဲတင်းတင်းစမ်းသပ်နိုင်ကြပါသည်။ ဥပမာ – Google ၊ Apple တို့ကဲ့သို့ ကုမ္ပဏီကြီးများသည်လည်း MSME ကဲ့သို့ အသေးစားမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။

၄။ **ဝင်ငွေညီမျှမှုကို မြှင့်တင်ပေးခြင်း**

ဒေသထွက် ကုန်ကြမ်းများကို ဒေသခံများကသာ လုပ်ကိုင်ပြီး တန်ဖိုးမြှင့် ထုတ်လုပ်နိုင်သဖြင့် ငွေကြေးအင်အား အနည်းငယ်သာရှိသူများကိုပင် စီးပွားရေးစတင်ဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများပေးပါသည်။ ဤအရာသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာ၌ အထိရောက်ဆုံးနည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။

၅။ **နိုင်ငံခြားဝင်ငွေရရှိစေခြင်း**

MSME များသည် ပြည်တွင်းတွင်ထုတ်လုပ်သည့် လက်မှုပစ္စည်းလုပ်ငန်း၊ ခရီးသွားဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ ရေခဲမုန့်လုပ်ငန်း စသည့် အသေးစားလုပ်ငန်းများ၏ တင်ပို့ရောင်းချမှုမှတစ်ဆင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ပါသည်။

**အချုပ်ဆိုရသော်** MSME များသည် စီးပွားရေးကို စတင်သည့် အင်ဂျင်များဖြစ်ပြီး ယင်းတို့သည် လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုအတွက် အခြေခံအုတ်မြစ်ကို ချပေးပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် MSME များကို ငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းများလျှော့ချခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဥပဒေရေးရာ အထောက်အပံ့များပေးခြင်းတို့ကို ပံ့ပိုးကူညီပေးနေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံအတွက်မူ MSME ကို ဖွံ့ဖြိုးအောင် လုပ်ဆောင်သည့်နေရာတွင် အခြားနိုင်ငံများနှင့်မတူဘဲ စိုက်ပျိုးရေးနှင့်ဆက်စပ်သောလုပ်ငန်းများကို အဓိကထားစဉ်းစားဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် MSME များကို အောင်မြင်အောင် လုပ်ဆောင်ရာမှာ ကျွန်တော်တို့၏ **အားသာချက်ဖြစ်သော စိုက်ပျိုးရေးမှ စတင်ရမည်**ဖြစ်ပါသည်။ **လယ်ယာထွက်ကုန်တွေကို မူလအတိုင်း ရောင်းချခြင်းထက် ပြုပြင်ပြီး တန်ဖိုးမြှင့်(Value Added) ထုတ်လုပ်ကာ ဈေးကွက်ရှာဖွေဆောင်ရွက်နိုင်ခြင်း**သည် အောင်မြင်မှု၏ အဓိကသော့ချက်ပင်ဖြစ်ပါသည်။

**အသေးစိတ်လုပ်ဆောင်နိုင်သည့် နည်းလမ်းများမှာ–**

၁။ **စိုက်ပျိုးရေးဆိုင်ရာ MSME (Agri-based SMEs)**များကို **ဦးစားပေးဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း**ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ **ဥပမာ–** ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီ၊ သစ်သီးဝလံများကို **သီးနှံအခြောက်ခံခြင်း၊** ငါးပိ၊ ငါးခြောက်၊ သစ်သီးယိုများ၊ ရှမ်းခေါက်ဆွဲ၊ မြန်မာ့ဆန်မှုန့်နှင့် ပြုလုပ်သော မုန့်မျိုးစုံကို ကျန်းမာရေးနှင့်ညီညွတ်ပြီး ထုပ်ပိုးမှုသေသပ်လှပအောင် လုပ်ဆောင်ပြီး ပြည်တွင်း/ပြည်ပဈေးကွက်ကို တင်ပို့နိုင်သည့် **အဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်ခြင်း၊** လယ်ယာစွန့်ပစ်ပစ္စည်းများ (ဖွဲ၊ ကောက်ရိုး၊ မြက်စသည်)ကို အသုံးပြုပြီး အော်ဂဲနစ်မြေဩဇာလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ပတ်ဝန်းကျင်ကိုပါ ကာကွယ်ရာရောက်သည့် **ဇီဝမြေဩဇာလုပ်ငန်း**များ ဆောင်ရွက်ခြင်း။

၂။ **စိုက်ပျိုးရေးနောက်ဆက်တွဲ ဝန်ဆောင်မှုလုပ်ငန်းများ**ဖြစ်သည့် လယ်သမားများအတွက် တန်ဖိုးကြီးစက်ယန္တရားများ (စပါးစိုက်စက်၊ ရိတ်သိမ်းစက်)ကို ဝယ်ယူရန် မတတ်နိုင်သည့်အခါ နာရီ/ရက်အလိုက် ငှားရမ်းပေးသည့် **လယ်ယာသုံးပစ္စည်းငှားရမ်းခြင်းလုပ်ငန်း၊** ကျေးရွာမှ ထွက်ကုန်များကို ဈေးကွက်ရှိရာသို့ ချိတ်ဆက်ပို့ဆောင်ပေးသည့် **သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်** သီးနှံသိုလှောင်ရုံများဆောက်လုပ်ပြီး **သိုလှောင်ရေးလုပ်ငန်း**များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ **ကျေးလက်ဒေသအခြေပြု ခရီးသွားလုပ်ငန်း**ဖြစ်သည့် ကျေးလက်သဘာဝ အတွေ့အကြုံကို ခံစားလိုသော ခရီးသွားများအတွက် ကျေးရွာများတွင် အိမ်တွင်းမှီခိုနေထိုင်မှုစနစ်ဖြင့် ဝန်ဆောင်မှုပေးသော **ကျေးရွာခရီးသွားလုပ်ငန်း၊** လူအများကို လယ်ယာလုပ်ငန်းခွင်ထဲသို့ခေါ်ပြီး စပါးစိုက်ပျိုးမှုအားကြည့်ရှုခြင်း၊ သီးနှံခူးဆွတ်မှုအား ခွင့်ပြုခြင်းစသည်ဖြင့် အတွေ့အကြုံရရှိနိုင်သော **စိုက်ပျိုးရေးအတွေ့အကြုံ ခရီးသွားအစီအစဉ်**များကို စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **ဒေသထွက်ပစ္စည်းများကို အခြေခံသော လက်မှုလုပ်ငန်းများ**ဖြစ်သည့် ဒေသခံအမျိုးသမီးများဖြင့် ရက်လုပ်ပြီး ဒေသထုတ်အထည်များ (ဥပမာ– အင်းလေးထည်၊ ကရင်အင်္ကျီ) ရက်လုပ်ရောင်းချသော**ချည်ထည်နှင့် ရက်ကန်းလုပ်ငန်း၊** ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး ခေတ်မီဒီဇိုင်းများဖြင့် အိမ်သုံးပစ္စည်း၊ အလှဆင်ပစ္စည်းများ ထုတ်လုပ်သော **သစ်၊ ဝါး၊ ကြိမ်များဖြင့် ပြုလုပ်သည့် ဒေသထွက်ပစ္စည်းလုပ်ငန်း** စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**အောင်မြင်မှုအတွက် အဓိကသော့ချက်များအနေဖြင့်–**

၁။ ကျေးရွာတစ်ရွာလုံး စုပေါင်းပြီး ကုန်ထုတ်လုပ်မှုအသင်းဖွဲ့စည်းကာ **ပူးပေါင်းဆောင်ရွက်**လုပ်ကိုင်ခြင်းဖြင့် ဈေးကွက်တင်ပို့နိုင်စွမ်း ပိုမိုများပြားလာမည်ဖြစ်ခြင်း။

၂။ **ဒစ်ဂျစ်တယ်နည်းပညာ**အသုံးပြုပြီး မိမိထုတ်ကုန်များကို တိုက်ရိုက်ကြော်ငြာရောင်းချပြီး အွန်လိုင်းမှတစ်ဆင့် ပြည်တွင်း ပြည်ပ ဈေးကွက်ရှာဖွေနိုင်ခြင်း။

၃။ ထုတ်ကုန်များ၏ **အရည်အသွေးမီခြင်း၊ ထုပ်ပိုးမှု သေသပ်လှပခြင်း**များဖြင့် ဈေးနှုန်းပိုမိုရရှိနိုင်ခြင်းတို့ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် **မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ အားသာချက်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်** MSME များကို ဦးစားပေးဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဆိုပါက ကျေးလက်စီးပွားရေးကို ကြီးမားစွာတိုးတက်လာစေမည်မှာ မလွဲကေန်ဖြစ်ပါသည်။

**"နိုင်ငံတော် ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှု အားပေးစို့"**ဆိုသည့် ဆောင်ပုဒ်သည် MSME ကဏ္ဍကို ဗဟိုပြုပြီး အလွန်ကောင်းမွန်သော လမ်းညွှန်မှုပေးခြင်းဖြစ်ပါသည်။ ဤဆောင်ပုဒ်၏ အနှစ်သာရကို ထိထိမိမိဖော်ဆောင်နိုင်မည့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်နိုင်ပါသည်–

ရွှေသီးရန် **မြန်မာ့ရိုးရာစားဖွယ်တစ်ခုအဖြစ် ပြည်တွင်းထွက်ကုန်ကြမ်း (ဆန်/ထမင်း)ကို ပြုပြင်ပြောင်းလဲပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value-Added Product)**အဖြစ် ရောင်းချသည့် သာဓကတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ ဤသို့သော ပြုပြင်မှုလုပ်ငန်းစဉ်များကို MSME များက လုပ်ဆောင်နိုင်ပြီး နိုင်ငံအတွင်း ထုတ်လုပ်မှုကို အမှန်တကယ်အားပေးရာရောက်ပါသည်။

ဤဆောင်ပုဒ်နှင့်အညီ MSME များကို အောက်ပါအတိုင်း လုပ်ဆောင်သင့်ပါသည်–

၁။ **စားသောက်ကုန်ကဏ္ဍကို စံနမူနာထား တိုးချဲ့ခြင်း**

(က) **ဒေသအလိုက် ရိုးရာအစားအစာများကို စက်ဖြင့်တွဲဖက်လုပ်ကိုင်ခြင်း။** ရွှေသီးသကဲ့သို့ မြန်မာ့ရိုးရာမုန့်ပဲသရေစာများကို MSME များက လက်ရာမပျက် ကျန်းမာရေးနှင့်ညီညွတ်ကာ ထုပ်ပိုးမှုသေသပ်လှပစွာဖြင့် လုပ်ဆောင်နိုင်ပါသည်။ (ဥပမာ – မုန့်ဆန်း၊ ပဲပြား စသည်)

(ခ) **ဒေသထွက်ပစ္စည်းများကို အခြေခံသော ထုတ်ကုန်များ။** ကျေးရွာတိုင်းလိုလိုတွင် ထူးခြားသော သီးနှံများ ရှိတတ်ပါသည်။ ယင်းထွက်ကုန်တွေကို ရွှေသီးလိုပြုပြင်ပြီး ဒေသတွင်းထုတ်ကုန်အဖြစ် သတ်မှတ်ကာ ရောင်းချနိုင်ပါသည်။ (ဥပမာ – တောင်ကြီးမှ ကြံသကာနှင့် ရေးမြို့မှ ဒူးရင်း)

*စာမျက်နှာ ၁၁ သို့*



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ ၂၀၂၄ ခုနှစ် မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပစဉ်။

**MSME ဆိုသည်မှာ ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေးစက်ရုံတွေအဆုံး အားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ် ဤလုပ်ငန်းများသည် စီးပွားရေးအပြင် အလုပ်အကိုင်အခွင့်အလမ်းပေးခြင်းအတွက်ပါ အလွန်အရေးကြီး**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူပြီးစီးမှု၊ ရွှေ့ပြေးလူဦးရေ စာရင်းထုတ်ပြန်ပြီးစီးမှုနှင့် မကြာမီ ပြည်ထောင်စုအဆင့် ပင်မအစီရင်ခံစာထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနနှင့် UNFPA တို့အကြား ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လူဦးရေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် လက်ရှိအခြေအနေတွင် UNFPA အနေဖြင့် ဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ထပ်မံပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေ၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေအား UNFPA ရုံးချုပ်သို့ အသိပေးပြောကြားနိုင်ရေးနှင့် UNFPA အနေဖြင့် လာမည့် ကာလများအတွင်း ဝန်ကြီးဌာနနှင့် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

> **“နိုင်ငံတော်ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုကို အားပေးစို့” ဆိုသည့် ဆောင်ပုဒ်သည် MSME များအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေသကဲ့သို့ ဖြစ်ပါသည်။ ဤဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေးအသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။**

၂။ **“ကုန်ထုတ်လုပ်မှုကိုအားပေးစို့” ဆိုသော ဦးတည်ချက်နှင့် လမ်းကြောင်းသတ်မှတ်ခြင်း**

(က) **ပြည်ပမှီခိုမှုလျှော့ချခြင်း။** နေ့စဉ်လူသုံးကုန်များ (ဆပ်ပြာ၊ အချိုရည်၊ မုန့်ပဲသရေစာ)ကို ပြည်တွင်း၌ထုတ်လုပ်နိုင်အောင် MSME များကို အားပေးရမည်ဖြစ်ပါသည်။ ရွှေသီးကို ပြည်ပက ဝယ်စရာမလိုဘဲ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်သကဲ့သို့ဖြစ်ပါသည်။

(ခ) **သွင်းကုန်အစား ပြည်တွင်းထုတ်ကုန်ကို ဦးစားပေးရွေးချယ်စေရန် စည်းရုံးခြင်း (Import Substitution)။ “ရွှေသီးကဲ့သို့ မြန်မာ့ထုတ်ကုန်များကို ဝယ်ယူသုံးစွဲကြပါစို့”** ဆိုသော စည်းရုံးမှုကို လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးနိုင်ပါသည်။

၃။ **“နိုင်ငံတော် ရွှေသီးဖို့”ဆိုသည့် ရည်မှန်းချက်အတွက် လမ်းခင်းပေးခြင်း**

(က) **ကျေးရွာအဆင့် စက်မှုဇုန်ငယ်များ ထူထောင်ခြင်း။** ကျေးရွာများတွင် လယ်ယာထွက်ကုန်များကို အခြောက်ခံသည့်စက်၊ ကြိတ်ခွဲသည့်စက်စသည်တို့ကို ကျေးရွာသားများအားလုံး အသုံးပြုနိုင်သော “စိုက်ပျိုးရေးဆိုင်ရာ စက်မှုဝန်ဆောင်မှုစင်တာ”များ တည်ထောင်ပေးရမည် ဖြစ်ပါသည်။

(ခ) **ဒစ်ဂျစ်တယ်နည်းပညာနှင့် ချိတ်ဆက်ပေးခြင်း။** ကျေးရွာထွက်ကုန်များကို အွန်လိုင်းမှတစ်ဆင့် တင်ရောင်းနိုင်အောင် ကျေးလက်ဒေသအထိ အင်တာနက်ရောက်ရှိအောင် လုပ်ဆောင်ပြီး ရွှေသီးကို ကျေးလက်ကထုတ်လုပ်ပြီး ရန်ကုန်က အမှာစာတင်နိုင်ပြီဆိုပါက ဤအရာသည် “ရွှေသီး” မည့် အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။

၄။ **အစိုးရ/အဖွဲ့အစည်းများဘက်က လုပ်ဆောင်ရမည့်အချက်များ**

(က) **ငွေကြေးဆိုင်ရာ အထောက်အပံ့။** MSME များအတွက် အတိုးနှုန်းချိုသာသော ချေးငွေများ ထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။ ရွှေသီးထုတ်စက်ကဲ့သို့ စက်ပစ္စည်းများဝယ်ယူရန် ငွေကြေးပံ့ပိုးကူညီပေးခြင်းဖြင့် ထုတ်လုပ်မှုကို အားပေးရာရောက်ပါသည်။

(ခ) **အတားအဆီးဖြေရှင်းပေးခြင်း။** ကျေးရွာထွက်ကုန်များ မြို့ပြဈေးကွက်သို့ ရောက်ရှိရန် လမ်းပန်းဆက်သွယ်ရေး၊ ခွင့်ပြုချက်ယူရသော စီးပွားရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

**“နိုင်ငံတော်ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုကို အားပေးစို့”**ဆိုသည့်ဆောင်ပုဒ်သည် MSME များအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေသကဲ့သို့ ဖြစ်ပါသည်။ ဤဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေးအသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ခေတ်ပညာတတ် လူငယ်များနှင့် တောင်သူများကိုပေါင်းစည်းပြီး MSME များဖြစ်ထွန်းလာစေခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးအနာဂတ်အတွက် သော့ချက်ပင်ဖြစ်ပါသည်။

“ခေတ်ပညာတတ်လူငယ်များတွင် **ဈေးကွက်ဗျူဟာ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ ရှိပါသည်။** တောင်သူလယ်သမားများတွင် **မြေယာနှင့် ပတ်သက်သည့်အတွေ့အကြုံ၊ လုပ်ငန်းသဘောသဘာဝ** အပေါ် နားလည်တတ်ကျွမ်းမှုရှိပါသည်။ **ထို**အရည်အချင်းနှစ်မျိုးကို **‘တစ်ပေါင်းတစ်စည်းတည်း’** ဖြစ်အောင် ပေါင်းစပ်နိုင်မည်ဆိုပါက အင်အားအလွန်ပင်ကြီးလာမည်ဖြစ်ပါသည်။ ဤသို့ ပေါင်းစည်းနိုင်ရန် လူငယ်များဘက်ကလည်း စိတ်ဝင်စားလာအောင်၊ တောင်သူများဘက်ကလည်း ယုံကြည်လက်ခံလာအောင် ပြုလုပ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။”

ဤသို့ စည်းရုံးဆောင်ရွက်ရာမှာ လက်တွေ့ကျသော နည်းဗျူဟာများအနေဖြင့် -

၁။ **စိတ်ဓာတ်မြင့်ကွင်းပြောင်းပေးခြင်း**

(က) **လူငယ်များကို** “စိုက်ပျိုးရေးဆိုသည်မှာ ညစ်ပတ်ပြီး ပင်ပန်းသည့် အလုပ်မဟုတ်ဘဲ ယခုခေတ်တွင် Agripreneur (စိုက်ပျိုးရေးဆန်းသစ်တီထွင်လုပ်ငန်းရှင်)များ ဖြစ်လာနိုင်ကြောင်း၊ အင်တာနက်မှတစ်ဆင့် ကုန်စည်ရောင်းဝယ်နိုင်ခြင်း၊ ကိုယ်ပိုင်အမှတ်တံဆိပ်နှင့်ထုပ်ပိုးပြီး ပြည်ပတင်ပို့နိုင်ခြင်း စသည်ဖြင့် ခေတ်မီသော စီးပွားရေးလုပ်ငန်းခွင်ဖြစ်ကြောင်း သတင်းစကားများကို ပေးရမည်ဖြစ်ပါသည်။

(ခ) **တောင်သူများအား** ပညာတတ်လူငယ် သမီး/သားများက ထွက်ကုန်ကို ဈေးပိုမိုရရှိနိုင်အောင်၊ ပြည်ပသို့ရောက်အောင် ပို့ဆောင်ပေးနိုင်သော **“ဒစ်ဂျစ်တယ်လက်နက်”**များရှိကြောင်း ရှင်းပြပေးရမည်ဖြစ်ပါသည်။

၂။ **လက်တွေ့ကျသော စမ်းသပ်စရာနမူနာများ ဖန်တီးပြခြင်း**

(က) **အောင်မြင်မှုဖြစ်စဉ်များကို မျှဝေခြင်း။** ဥပမာအားဖြင့် ကျေးရွာတစ်ရွာမှ လူငယ်နှင့် တောင်သူများ စုပေါင်းထုတ်လုပ်ဆောင်ရွက်သည့် ခရမ်းချဉ်သီးခြောက်လုပ်ငန်း အောင်မြင်လာသည့်အကြောင်း၊ အွန်လိုင်းမှတစ်ဆင့်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးလာခြင်းအကြောင်း စသည့် အောင်မြင်မှုပုံရိပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ပါသည်။

(ခ) **စမ်းသပ်ခြံစိုက်ခင်း ဖွင့်လှစ်ပေးခြင်း။** ကျေးရွာများတွင် နည်းပညာသုံးပြီး စိုက်ပျိုးမည့် စမ်းသပ်ခြံကြီးတစ်ခုပြုလုပ်ကာ လူငယ်များက နည်းပညာပိုင်းကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ တောင်သူများက စိုက်ပျိုးရေးအတွေ့အကြုံပေးခြင်းဖြင့်လည်းကောင်း အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုး ဆောင်ရွက်နိုင်ပါသည်။

၃။ **ငွေကြေးနှင့်နည်းပညာအထောက်အပံ့ပေးခြင်း**

(က) **အစပျိုးရန်ပုံငွေ။** အစိုးရ(သို့မဟုတ်) အလှူရှင်အဖွဲ့အစည်းများမှ လူငယ်-တောင်သူ အတွဲများကို ချေးငွေ(သို့မဟုတ်) ရန်ပုံငွေအသေးစား ထုတ်ပေးခြင်းမျိုး ဆောင်ရွက်ရပါမည်။ (ဥပမာ- သီးနှံအခြောက်ခံစက် တစ်လုံးဝယ်ရန် ငွေကြေးကူညီပေးခြင်း)

(ခ) **နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုပေးအပ်ခြင်း။** ကျေးရွာများတွင် အင်တာနက်အခြေပြု ဈေးကွက်ရှာဖွေနည်း၊ ငွေကြေးစီမံခန့်ခွဲနည်း၊ ကောင်းမွန်သောစိုက်ပျိုးနည်းစနစ် (Good Agricultural Practices - GAP) စသည်ဖြင့် သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါသည်။

၄။ **အသိုင်းအဝိုင်းနှင့် ကွန်ရက်ချိတ်ဆက်ပေးခြင်း**

(က) **လူငယ်နှင့် တောင်သူချိတ်ဆက်ပွဲများ ပြုလုပ်ပေးခြင်း။** ကျေးရွာခန်းမများတွင် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းများ၊ တောင်သူကြီးများ၏ လုပ်ငန်းလိုအပ်ချက်နှင့် အခက်အခဲများအား ပြောဆိုဆွေးနွေးခွင့်ရရှိအောင် ချိတ်ဆက်ပေးနိုင်ပါသည်။

(ခ) **အောင်မြင်မှုဖြစ်စဉ်ကို “ပြန့်ပွားအောင်” လုပ်ဆောင်ပေးခြင်း။** ကျေးရွာတစ်ရွာမှ အောင်မြင်သွားသည့် လူငယ်နှင့်တောင်သူအတွဲကို နီးစပ်ရာကျေးရွာများသို့ သွားရောက်ဟောပြောစေပြီး ၎င်းတို့၏အတွေ့အကြုံများကို မျှဝေစေခြင်းဖြင့် ရွာသူရွာသားများ ပိုမိုနားဝင်အောင် လုပ်ဆောင်ပေးနိုင်ပါသည်။

**အဓိကသော့ချက်အနေဖြင့်** လူငယ်များကို **“သူတို့မပါရင်မဖြစ်ဘူး”** ဆိုသည့် စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ တောင်သူများကို **“ဤနည်းပညာအသစ်တွေက သူတို့အတွက် လက်တွေ့အသုံးဝင်တယ်”**ဆိုသော ယုံကြည်မှုမျိုးကို တည်ဆောက်ပေးနိုင်မှသာ နှစ်ဦးနှစ်ဖက် အကျိုးရှိရှိပူးပေါင်းပြီး ကျေးရွာစီးပွားရေးများကို အတူတကွတည်ဆောက်နိုင်ကြမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# လွိုင်ကော်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

## ပိုမိုတည်ငြိမ် အေးချမ်းသာယာလှပသည့် အနာဂတ်ကာလ ပြန်လည်တည်ဆောက်ရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်

လွိုင်ကော် ဩဂုတ် ၂၅

**စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီနာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့ တက်ရောက်ပြီး ပြခန်းများနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းခန်းမ၌ လိုအပ်သည်များ မှာကြားသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ အနုပညာရှင်များက ကျောင်းအတွင်း ဆောင်ရွက်ထားရှိသည့် စာကြည့်တိုက်နှင့် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ယင်းနောက် အစီအစဉ် ဒုတိယပိုင်းကို စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ အထက(၁)မှ ကျောင်းသား ကျောင်းသူလေးများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ ပိုမိုတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းမြောက်ရပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စာပေဖတ်ရှုလေ့လာမှုတွင် ဝါသနာပါပြီး အများပြည်သူကိုလည်း စာပေဖတ်ရှုအောင် တိုက်တွန်းမှာကြားမှုနှင့်အတူ စာကောင်းပေမွန်များလည်း မတည်ထုတ်ဝေ၍ ဖြန့်ဝေလှူဒါန်းလျက်ရှိပါကြောင်း၊ လူငယ်များအနေဖြင့် စာပေဖတ်ရှုလေ့လာမှုအပြင် မှတ်သားဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာလှပသည့် အနာဂတ်ကာလအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခက်အခဲများကြားမှ အောင်မြင်အောင် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအတွက် စိတ်ခွန်အားမြှင့်တင်ပေးရန် စီစဉ်ရောက်ရှိလာသော ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ် အစိုးရအဖွဲ့အတွက် MRTV DTH စလောင်းစက်အစုံ ၃၀ နှင့် MRTV ,T-2 Set Top Box ၈၀ အား ပြည်နယ်ဝန်ကြီးချုပ်ထံသို့လည်းကောင်း၊ တပ်နယ်အတွက် MRTV DTH စလောင်းစက်အစုံ ၂၀ နှင့် MRTV,T-2 Set Top Box ၄၀ အား ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ အနုပညာရှင်များနှင့် ဒေသခံတိုင်းရင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များက အထက(၁)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်စုပေါင်း၍ "ရောင်ပေစူး"တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၁)မှ ကျောင်းသား ကျောင်းသူများက "ထာဝရသစ္စာ" တေးသီချင်းဖြင့်လည်းကောင်း၊ အထကခွဲ(လောခမ္ဘ)မှ ကျောင်းသား ကျောင်းသူများက "လှမ်းလာခဲ့ပါ ကယားမြေ" တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၁) နှင့် (၂)တို့မှ ကျောင်းသားကျောင်းသူများ စုပေါင်း၍ "ဇာတိမာန်"တေးသီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ လွိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိပြီး ပင်မဆောင်နှင့် စာကြည့်တိုက်၊ စာသင်ဆောင်များနှင့် ဘွဲ့နှင်းသဘင်ခန်းမဆောင်များ ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပင်မဆောင် အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက တက္ကသိုလ်၏ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်မှုအခြေအနေ၊ တက္ကသိုလ်၌ ဆရာ ဆရာမများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်မှု၊ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်မှုနှင့် အဝေးသင်ကျောင်းသား ကျောင်းသူများ ဆက်သွယ်သင်ယူနိုင်မှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညပိုင်းတွင် လွိုင်ကော်မြို့၌ ရောက်ရှိနေသော အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဉ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဒေသခံတိုင်းရင်းသားများ၏ အကအလှနှင့် သီဆိုဖျော်ဖြေမှုများနှင့်အတူ အငြိမ့်ကပြမှုအပါအဝင် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက တစ်ခဲနက်ပျော်ရွှင်စွာ သီဆိုကခုန်အားပေးကြသည်။

လွိုင်ကော်မြို့၌ ၂၀၂၃ ခုနှစ်ကုန်ပိုင်းခန့်က နယ်မြေလုံခြုံရေးအခြေအနေအရ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုရပ်ဆိုင်းခဲ့ရာမှ ၂၀၂၄ ခုနှစ် မေလမှစ၍ အဘက်ဘက်မှ စီစဉ်ဆောင်ရွက်နိုင်မှုကြောင့် ဓာတ်အားလိုင်းများ တိုးမြှင့်ဖြန့်ဝေပေးနိုင်ခဲ့ရာ ယခုအခါ လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက် ၂၀ နှင့်ဆက်စပ်ကျေးရွာ ၂၃ ရွာတို့တွင် ၂၄ နာရီပတ်လုံး မီးအပြည့်အဝရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ထုတ်လွှင့်ပြီး မဟာဓာတ်အားလိုင်းသို့ ထည့်သွင်းပေးပို့နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခဲ့သဖြင့် ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှု သက်သာ

**နေပြည်တော် ဩဂုတ် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက နရာဘန်ချောင်းရေလျှံတက်၍ ရေကြီးမှုနှင့် လမ်းရေကျော်ကျမှုများ၊ ရေစီးရေလာကောင်းမွန်ရေး ပင်လောင်းလမ်းဖြတ်သည့် နရာဘန်ချောင်း Box Culvert ရှင်းလင်းခြင်း၊ သစ်တပ်ရွာအနီးရန်ကုန်-မန္တလေး လမ်းအရှေ့ဘက်မှ ပြောင်းရွှေ့တူးဖော်နေသည့် မပိုက်ကယ်ရိုးမှ ရေကူစီးဆင်းစေခြင်း၊ ကျဉ်းမြောင်းနေသည့် ယာယီ Culvert များနှင့် ရေသွားလမ်းအား စက်ယန္တရားများဖြင့် ဖယ်ရှားခြင်းနှင့် ရေသွားလမ်းချဲ့ခြင်းများကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**



အလားတူ ကျွန်းရောင်း - အိုင်စောက် - ပေါင်းလောင်း ရေနုတ်မြောင်း တစ်လျှောက်ရှိ ရေထိန်းတံခါးများ ဖွင့်ထားရှိပြီး ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်ဒိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ အဓိက ရေထုတ်ပေါက်ဖြစ်သည့် ကျွန်းရောင်း-အိုင်စောက် ရေနုတ်မြောင်းအထွက် ချောင်းကမ်းကြီး ကျေးရွာအနီးမှ စစ်တောင်းမြစ်အထိ ရေစီးရေလာ ကောင်းမွန်စေရန် စက်ယန္တရားများဖြင့် တူးဖော်ခြင်း၊ နစ်မြုပ်နေသည့် လယ်ကွင်းများအတွင်းမှ ရေကို ရေထုတ်ပေါက်များဖြင့် နရာဘန်ချောင်းအတွင်းသို့ ဖောက်ထုတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယခုနှစ် မိုးရာသီကာလတွင် ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်းနှင့် ပင်လောင်းလမ်းဆုံမှစ၍ ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ကြိုတင် ဆောင်ရွက်ခဲ့သဖြင့် ယခင်ကာလများထက် ရေကြီးရေလျှံမှု သိသာစွာ လျော့နည်းသက်သာခဲ့ပြီး မိုးရွာသွန်းမှုထပ်မံများပြားလာပါက ထိခိုက်ပျက်စီးမှု မရှိစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် မိုး/ဇလက အကြံပြုထားသည်။

**မြန်မာ့အလင်း**

# ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင်အသစ် ပြန်လည်တည်ဆောက်ရေး အလှူငွေပေးအပ်



**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ရှိ သမိုင်းဝင် ဘုရားကိုးဆူ စေတီတော်မြတ်ကြီး၏ တံခွန်တိုင်အသစ် ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီ စုစုပေါင်း ၆၅၀၃ ဆူရှိပြီး ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း စုစုပေါင်းကျောင်း ၄၈၃၀ ရှိပါကြောင်း၊ အချိန်ယူ၍ ဤဝန်ကြီးဌာနအနေဖြင့် စာရင်းများပြုစုခဲ့ပြီး စေတနာရှင် ကုသိုလ်ရှင်များ လှူဒါန်းနိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့်လည်း ခုနစ်ရက်သားသမီးများ၏ လှူဒါန်းငွေဖြင့် နေပြည်တော်၊ စစ်ကိုင်း၊ ကျောက်ဆည်၊ မတ္တရာဒေသများရှိ ဘုရားစေတီပုထိုးများ ပြုပြင်နိုင်ရေးအတွက် လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းငွေဖြင့် ငလျင်ဒဏ်ကြောင့် နေပြည်တော် ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူ စေတီတော်မြတ်ကြီး၏ တံခွန်တိုင် အက်ကွဲယိုယွင်းပျက်စီးခဲ့သဖြင့် တံခွန်တိုင်အသစ်ကို လှူဒါန်းခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တံခွန်တိုင်အလှူငွေကျပ် ၁၈၆၆၀၀၀၀ ကို စေတီတော်ဂေါပကဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်အား ပေးအပ်လှူဒါန်းပြီး(ယာပုံ) စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် သမိုင်းဝင်ဘုရားကိုးဆူ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ရုံးခန်း၌ ငလျင်ဒဏ်ကြောင့် အက်ကွဲယိုယွင်းပျက်စီးခဲ့သည့် သမိုင်းဝင်ဘုရားကိုးဆူ စေတီတော်မြတ်ကြီးနှင့် တံခွန်တိုင် အသစ်တည်ဆောက်မှုနှင့် ပတ်သက်၍ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ခံနိုင်ရေး ဘုရားစေတီ တည်ဆောက်ပြုပြင်ရေး ဆိုင်ရာ SOP စံနှုန်းများနှင့်အညီ ပြန်လည်ပြုပြင် တည်ဆောက်သွားရန် မှာကြားပြီး ငလျင်ဒဏ်ကြောင့် အက်ကွဲယိုယွင်း ပျက်စီးခဲ့သော သမိုင်းဝင် ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင် အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းကို အကာအကွယ်ပေးမည့် ထိရောက်သော ဖြေရှင်းနည်းများ ဖော်ဆောင်နိုင်ရန် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်





**နေပြည်တော် ဩဂုတ် ၂၅**

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပြည်သူချင်း ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ပေးရေးနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးများကို အထောက်အကူပြုသည့် လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ရန် ရည်ရွယ်၍ အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်နှင့် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများတစ်ပြေးညီဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အာဆီယံ-တရုတ်ဗဟိုဌာနနှင့် လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်အတူ ဖိုရမ်နှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် အာဆီယံ-တရုတ်ဗဟိုဌာနမှ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နေမှုအခြေအနေများ၊ နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားများ အပြန်အလှန် သွားလာလည်ပတ်နေမှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာပါ လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်း ဘေးကင်းလုံခြုံရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံ-တရုတ်ဗဟိုဌာနမှအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ လန်ချန်း- မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနမှ တာဝန်ခံအတွင်းရေးမှူးချုပ်၊ ဒုတိယအတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အမှုဆောင် ဒါရိုက်တာ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖိုရမ်မှတစ်ဆင့် အတွေးအမြင်များ၊ ဗဟုသုတများနှင့် ဆန်းသစ်သော ဖြေရှင်းနည်းများကို ဖလှယ်ခြင်းဖြင့် လက်တွေ့ကျသော မဟာဗျူဟာများကို ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းကို အကာအကွယ်ပေးမည့် ထိရောက်သော ဖြေရှင်းနည်းများကို ဖော်ဆောင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးပါကြောင်း၊ အာဆီယံ-တရုတ်နိုင်ငံများအကြား အပြန်အလှန် ပံ့ပိုးကူညီခြင်းဖြင့် ကမ္ဘာအနှံ့မှ ခရီးသွားများအတွက် ကောင်းမွန်သော အသိုက်အဝန်းတစ်ခုကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် Mr. Shi Zhongjun၊ လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ Mr. Davuth LY တို့က အမှာစကားများပြောကြားကြပြီး အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာကာအိုကင်ဟွန်၏ ဗီဒီယိုမက်ဆေ့ချ်ကို ပြသသည်။

ယင်းနောက် ဖိုရမ်အား ဆက်လက်ကျင်းပရာ ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခရီးသွားလုံခြုံရေးနှင့် ဘေးကင်းရေး၊ ခရီးသွားလုပ်ငန်းအတွက် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများ လုံခြုံစိတ်ချစွာလည်ပတ်နိုင်စေရေး၊ ဒစ်ဂျစ်တယ်ခေတ်တွင် ခရီးသွားလုပ်ငန်းလုံခြုံရေး၊ လုံခြုံပြီး ခံနိုင်ရည်ရှိသော ခရီးသွားပတ်ဝန်းကျင်မှတစ်ဆင့် ဒေသဆိုင်ရာ တိုးတက်မှု၊ လုံခြုံရေးနှင့် ဘေးကင်းသော ခရီးသွားလုပ်ငန်းခေါင်းစဉ်တို့ဖြင့် သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများတစ်ပြေးညီဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ Mr. Shi Zhongjun က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအား ခရီးသွားလာမှုလွယ်ကူချောမွေ့ရေးကဏ္ဍ၏ အရေးပါမှု၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း စာရင်းအင်းများအသုံးချခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရေး၏ အလေ့အထကောင်းများနှင့် အတွေ့အကြုံများ ဖလှယ်ခြင်းခေါင်းစဉ်တို့ဖြင့် ကျင်းပရာ သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ ဝါသီးနှံလျှာထားဧကပြည့်မီရေး ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးသည် တပ်ကုန်းမြို့နယ်အတွင်း ဝါသီးနှံလျှာထားဧကပြည့်မီရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက အလယ်ကျွန်း မြောက်မြိုက်ကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ (KC)ခန်းမများတွင် ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ညွှန်ကြားရေးမှူးက ဝါသီးနှံလျှာထားဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ မျိုးကောင်း၊ မျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက တပ်ကုန်းမြို့နယ်အတွင်း ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

တပ်ကုန်းမြို့နယ်တွင် ဝါသီးနှံများကို ဧက ၁၀၂၂၀ လျာထားစိုက်ပျိုးပြီး ယနေ့အထိ ဝါစိုက်ဧက ၄၀၇၃ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ဧကများကိုစက်တင်ဘာလကုန်တွင် လျာထားဧကအပြည့် စိုက်ပျိုးနိုင်ရေးအတွက် ဝါစိုက်တောင်သူများနှင့်ညှိနှိုင်းဆွေးနွေးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **တင်စိုးလွင်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တရုတ်နိုင်ငံ ကွေကျိုးပြည်နယ်တွင် ကမ္ဘာ့အမြင့်ဆုံးတံတား ခံနိုင်ဝန်စမ်းသပ်မှုပြီးဆုံး

**ကွေယန်း ဩဂုတ် ၂၅**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေကျိုးပြည်နယ်ရှိ Huajiang Grand Canyon တံတားသည် ဩဂုတ် ၂၅ ရက်တွင် ခံနိုင်ဝန်စမ်းသပ်လုပ်ဆောင်မှုများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ လာမည့်စက်တင်ဘာလ နှောင်းပိုင်းတွင် ဖွင့်လှစ်ရန်စီစဉ်ထားသော အဆိုပါတံတားသည် ကမ္ဘာ့အမြင့်ဆုံးတံတားဖြစ်လာဖွယ်ရှိနေသည်။




တံတား၏ တည်ဆောက်ပုံ ခိုင်ခံ့မှု၊ မာကျောမှု၊ တံတား၏ လှုပ်ရှားမှုနှင့် တုန်ခါမှုဆိုင်ရာ စွမ်းဆောင်ရည်များသည် ဘေးအန္တရာယ်ကင်းရေး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိကြောင်း ငါးရက်ကြာ စမ်းသပ်စစ်ဆေးမှုအတွင်း စမ်းသပ်စစ်ဆေးရေးအဖွဲ့က အတည်ပြုခဲ့သည်။

စမ်းသပ်စစ်ဆေးရေး အဖွဲ့သည် တန်ချိန်စုစုပေါင်း ၃၃၀၀ ခန့်ရှိသည့် ကုန်တင်ကား ၉၆ စီး မောင်းနှင်စမ်းသပ်ခဲ့ကြောင်း သိရသည်။ အဆိုပါတံတားသည် မီတာ ၂၈၉၀ ရှည်လျားပြီး မြစ်ရေမျက်နှာပြင်ထက် ၆၂၅ မီတာ မြင့်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အားကောင်းသော တိုင်ဖွန်းမုန်တိုင်း ကဂျိကို ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကို ဝင်ရောက်တိုက်ခတ်

**ဟနွိုင်း ဩဂုတ် ၂၅**

အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း ကဂျိကိသည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဒေသအာဏာပိုင်များက လူပေါင်းများစွာကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

မိုးလေဝသတာဝန်ရှိသူများ၏ ပြောကြားချက်အရ ကဂျိကိမုန်တိုင်းသည် ဩဂုတ် ၂၅ ရက် ညနေပိုင်းက သန့်ဟွာပြည်နယ်နှင့် ဟာတင်းပြည်နယ်ကြားရှိ ကမ်းရိုးတန်းကို တိုက်ခတ်ခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်အထိ လူပေါင်း ၃၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးပြီးဖြစ်ကြောင်း အစိုးရကပြောသည်။

ဗီယက်နမ်နိုင်ငံတွင် ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်စေသည့် အားကောင်းပြင်းထန်သောမုန်တိုင်းများ တိုက်ခတ်လေ့ရှိကြောင်း၊ ဘေးလွတ်ရာသို့ရွှေ့ပြောင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် တပ်ဖွဲ့ဝင် ၁၆၅၀၀ နှင့် အရန်တပ်ဖွဲ့ဝင် ၁၀၇၀၀၀ ကို အသင့်ပြင်ထားရှိကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ ရာဂီတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူပေါင်း ၃၀၀ ခန့် သေဆုံးမှု ဖြစ်ပွားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



## အိန္ဒိယနိုင်ငံ ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်၌ မုတ်သုံရာသီအတွင်း လူပေါင်း ၃၀၀ ကျော်သေဆုံး

**နယူးဒေလီ ဩဂုတ် ၂၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကုန်းထူထပ်သော ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်၌ မုတ်သုံရာသီအတွင်း မိုးကြိုးပစ်ခြင်း၊ မြေပြိုခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် အခြားမိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် လူပေါင်း ၃၀၃ ဦးထက် မနည်းသေဆုံးကြောင်း နိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဩဂုတ် ၂၄ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။



ထုတ်ပြန်ချက်အရ ဇွန် ၂၀ ရက်မှစကာ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားနေချိန် ယာဉ်မတော်တဆမှုများ ဖြစ်ပွားသဖြင့် လူ ၁၄၈ ဦးသေဆုံးကြောင်း၊ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်မတော်တဆမှုများကြောင့် လူပေါင်း ၁၅၅ ဦးထက်မနည်းသေဆုံးကြောင်း သိရသည်။ လွန်ခဲ့သည့်နှစ်လ မုတ်သုံရာသီကြောင့် ဟိမာချယ်ပရာဒက်ရှ်တစ်ဝန်း ကြီးကြီးမားမားပျက်စီးမှုများ ဖြစ်ပွားကြောင်း၊ မန်ဒီနှင့် ကန်ဂရာခရိုင်တို့တွင် အဆိုးရွားဆုံး ထိခိုက်ခဲ့ရကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ၌ သဘာဝဘေးအန္တရာယ်ကြောင့် စုစုပေါင်းပျက်စီးဆုံးရှုံးမှုပမာဏမှာ အိန္ဒိယရူပီး ၂၇ ဒသမ ၄၃ ဘီလီယံဝန်းကျင် (အမေရိကန်ဒေါ်လာ ၃၁၄ သန်းနီးပါး) ရှိကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ရဲတပ်ဖွဲ့က တရားမဝင်မူးယစ်ဆေးဝါး ၅၈၀၀ ကီလိုဂရမ်ကျော် သိမ်းဆည်းရမိ

**ကဘူးလ် ဩဂုတ် ၂၅**

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံအနောက်ပိုင်း ဖာရာပြည်နယ်၌ လျှို့ဝှက်ပြုလုပ်သော မူးယစ်ဆေးဝါးဓာတ်ခွဲခန်း လုပ်ငန်းသုံးခုကို ဖျက်ဆီးခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါး ၅၈၀၀ ကီလိုဂရမ်ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း ဩဂုတ် ၂၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။

မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ပြည်နယ်၏ ဖာရာရုတ်၊ ဘက်ခ်ဝါနှင့် ပေါ်ချာမန်ခရိုင်တို့ရှိ ဆင်ခြေဖုံးများတွင် သီးခြားစစ်ဆင်ရေးလုပ်ငန်းများကို ပြုလုပ်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူထုတ်လုပ်ရာတွင် အသုံးပြုခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ သီးခြားစစ်ဆင်ရေးတစ်ခုတွင် လုံခြုံရေးတပ်ဖွဲ့များက ဘိန်း ၁၀၃ ကီလိုဂရမ်ကို မှောင်ခိုကူးသည်ဟု စွပ်စွဲချက်ဖြင့် လူနှစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အီဂျစ်နိုင်ငံသည် ဂါဇာသို့ ကူညီထောက်ပံ့ရေး ယာဉ်တန်းစေလွှတ်

**ကိုင်ရို ဩဂုတ် ၂၅**

ဂါဇာသို့ကူညီထောက်ပံ့ရေးပစ္စည်းများ ပြန်လည်ပေးနိုင်ရန် အီဂျစ်နိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ယာဉ်တန်းကို ဩဂုတ် ၂၅ ရက်က ဂါဇာသို့စေလွှတ်လိုက်ကြောင်း နိုင်ငံပိုင် မီနာသတင်းအေဂျင်စီက ပြောသည်။



အီဂျစ်လခြမ်းနီ အသင်းက ဆောင်ရွက်သော အီဂျစ်မှ ဂါဇာသို့ ကူညီထောက်ပံ့ရေးပစ္စည်းများ ဂုဏ်ပြုပေးအပ်သော ယာဉ်တန်းသည် ရာဖာ့မှ ကီရမ်ရှာလွန်ကို ဖြတ်ကျော်လာပြီဖြစ်သည်။ အဆိုပါယာဉ်တန်းသည် ဂျုံမှုန့်များ၊ ပေါင်မုန့်များ၊ လောင်စာဆီ၊ ဆေးဝါးများနှင့် တခြားအရေးတကြီးလိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်းများကို သယ်ဆောင်လာပြီဖြစ်သည်။

ကုလသမဂ္ဂ ကျောထောက်နောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အစားအစာလုံခြုံရေးအဖွဲ့က ဂါဇာဒေသတွင် စားရေရိက္ခာ ဆိုးရွားစွာ ပြတ်တောက်လျက်ရှိပြီး ဆေးဝါးနှင့် လောင်စာဆီများ ရှားပါးလျက်ရှိကြောင်း၊ ဆာလောင်ငတ်မွတ်မှုများဖြစ်ပွားလျက်ရှိပြီး အငတ်ဘေးကပ်ဆိုးကြီး ကြုံတွေ့နိုင်ကြောင်း သတိပေးလိုက်ပြီးနောက် ယခုလို လှုပ်ရှားဆောင်ရွက်မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

စစ်ပွဲစတင်ဖြစ်ပွားချိန်မှစကာ အီဂျစ်နိုင်ငံသည် ဂါဇာသို့ ကူညီထောက်ပံ့ရေးပစ္စည်း ၇၀ ရာခိုင်နှုန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက လွန်ခဲ့သောသီတင်းပတ်က ပြောကြားခဲ့သည်။ ထောက်ပံ့ကူညီရေးပစ္စည်း တန်ချိန် ၅၅၀၀၀၀ ကျော်ကို ပေးပို့ခဲ့ပြီးဖြစ်ပြီး ကျန်ရှိနေသေးသည့် ကူညီထောက်ပံ့ရေးယာဉ် ၅၀၀၀ ကျော်သည် အီဂျစ်ဘက်ခြမ်း ရာဖာ့ဘက်တွင် ပိတ်မိနေဆဲရှိသေးသည်။

ဂါဇာဒေသတွင် ငတ်မွတ်ခေါင်းပါးမှုများ ကြုံတွေ့နေရပြီး အာဟာရချို့တဲ့မှုကြောင့် သေဆုံးသူ ၂၈၉ ဦးရှိပြီး ၎င်းအရေအတွက်တွင် ကလေးငယ် ၁၁၅ ဦးပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ရုတ်တရက် မြစ်ရေလျှံမှုဖြစ်ပွားပြီး ငါးဦးသေဆုံး

**ဂျကာတာ ဩဂုတ် ၂၅**

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ရုတ်တရက်မြစ်ရေလျှံမှုဖြစ်ပွားပြီးနောက် လူငါးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်း ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ပြောသည်။

သေဆုံးသူများသည် ပိုင်ဒီးဒေသ ကော့ကွာလာမြစ်တွင် ရေကူးနေစဉ် လျှပ်တစ်ပြက်မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှုဖြစ်ပွားကာ ရေနောက်မျောပါသွားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးသမားများသည် သေဆုံးသူငါးဦးကိုပြန်တွေ့စဉ် တခြားတစ်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ အထက်ပိုင်းဒေသများတွင် မိုးများခြင်းကြောင့် ထိုသို့ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒေသတွင်းတာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသော်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ရှာဖွေကယ်ဆယ်မှုများကို နှောင့်နှေးကြန့်ကြာစေသည်။ **ဆင်ဟွာ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ကော်မရှင်ရုံးခွဲ(ရန်ကုန်)ရှိ ဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးသည် ယနေ့တွင် ကော်မရှင်ရုံးခွဲ (ရန်ကုန်)ရှိ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုကြိုတင် ကာကွယ်ရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ဝန်ကြီးဌာန/အဖွဲ့အစည်း ၃၈ ခု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု တို့တွင် CPU အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ အဂတိလိုက်စားမှု အသိပညာပေးခြင်းဆိုင်ရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို ပြုစုထားရှိပြီးဖြစ်ကြောင်း၊ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် မိမိတို့ဝန်ထမ်းများအနေဖြင့် အရည်အချင်း၊ အရည်အသွေးပြည့်ဝနေအောင် အမြဲတမ်းဖြည့်ဆည်းနေရန်လိုကြောင်း၊ မိမိအလုပ်ကိုတန်ဖိုးထား၍ ကြိုးစားလုပ်ဆောင်ရန် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူးက လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားပြီး ရုံးခွဲအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရေစီးရေလာကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပင်လောင်းလမ်းဆုံ ကားလမ်းမရေကျော်နေမှု၊ ပင်လောင်းလမ်းဆုံနှင့် ကျောက်ချက်ကျေးရွာအကြား လမ်းဘေးဝဲယာရေစီးဆင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ရေစီးရေလာကောင်းမွန်စေရေး၊ ရေထွက်ပေါက်များရှင်းလင်းရေးနှင့် ရေတံခါးများတွင် အမှိုက်ပိတ်ဆို့မှုမရှိစေရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဘေး နေပန်လပန်ကွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်နေမှု၊ လမ်းရေကျော်နေမှုကို ရေအမြန်ကျစေရေး မပိုက်ကယ်ရိုးမှ နရဘန်ချောင်းအတွင်းသို့ ရေဖောက်ထုတ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းမြစ်အတွင်း ရေစီးဆင်းနိုင်ရေး ဒိုက်များ၊ အမှိုက်များ ရှင်းလင်းဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ဒုတိယဝန်ကြီး ဦးအေးကျော် ၂၃၀ ကေဗွီ ပုသိမ်ပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ၂၃၀ ကေဗွီပုသိမ်ပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ မီတာများထုတ်ယူရရှိတပ်ဆင်လက်ကျန်အခြေအနေ၊ လျာထားဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများအခြေအနေ၊ မြေယာပိုင်ဆိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားကောင်းမွန်စေရေးအတွက် လိုအပ်သောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတိုးချဲ့တည်ဆောက်သွားနိုင်ရေး စီမံချက် ရေးဆွဲတင်ပြဆောင်ရွက်သွားကြရန်၊ ဓာတ်အားခများ အပြည့်အဝကောက်ခံရရှိရေးနှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေး စီစဉ်ဆောင်ရွက်ရန်၊ မီတာများကို မီးသုံးသူအသစ်များက လျှောက်ထားလာရာတွင် လျှောက်လွှာမှတ်ပုံတင်ဖြင့် မှတ်ပုံတင်ကာ အမြန်ကွင်းဆင်းစစ်ဆေးပြီး မှုနှင့်ညီညွတ်မှုရှိပါက စနစ်တကျတပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်ရန်၊ လျှပ်စစ်ပုံစံများကိုလည်း သက်ဆိုင်ရာ ဌာနများအလိုက် ပြန်လည်အသုံးပြု မှတ်တမ်းတင်နိုင်ရေးဆောင်ရွက်ရန်မှာကြားပြီး ပုသိမ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဓာတ်အားသုံးစွဲသူလယ်ဂျာရေးသွင်းနေမှုနှင့် Computer Billing Center တွင် ဓာတ်အားခ ဖတ်ရှုကောက်ခံနေမှုများကိုကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ၂၃၀ ကေဗွီ ပုသိမ်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံ Control Room အတွင်း ပုသိမ်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ဓာတ်အားခွဲရုံ Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုး/ဇလက အသိပေးနှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

**ယနေ့ညနေ ၂၉-၈-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**ယနေ့ညနေ ၂၉-၈-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၀၁၆၊ ၀၁-၈၃၀၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုင်းပန်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ မြို့နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မိုင်းပန် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းပန်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ မြို့နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားကို မြို့နယ်ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လတ်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့



ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နိုင်လင်းထွန်းက အာဟာရ ဖွံ့ဖြိုးရေးအတွက် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အသင်းတို့မှ အသက် ငါးနှစ်အောက် ကလေးငယ်များအား သန်ချဆေးနှင့် ဗီတာမင်အေများ တိုက်ကျွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံမြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ပွင့်ဖြူ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲကို လျာထားချက်ကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရေဖူလုံမှုကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ၅၂၆၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားချက် ကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ စိုက်ပျိုးရေဖူလုံမှုကြောင့် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



"မြေပဲစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းများရရှိအောင် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးစတဲ့ စိုက်ပျိုးရေး အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက် ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

တောင်သူများ စိုက်ပျိုးထားရှိသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ပေါင်းမြက်ကင်းစင်ရေး၊ စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲခြင်းစသည့် စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



## အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ၌ မြေဩဇာကြဲပက်ပွဲကျင်းပ

**အိမ်မဲ ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ တောင်သူဦးလှမြင့်၏ ဆင်းသုခ စပါးမျိုးစိုက်ပျိုးထားသော လယ်ယာမြေ ၇ ဒသမ ၇၈ ဧကတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာကြဲပက်ပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါစိုက်ခင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ယူရီးယား တစ်ဆ၊ မြေဆွေး သုံးဆ ရောစပ်၍ မြေဩဇာကို ကြဲပက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များနှင့် တောင်သူများက တက်ရောက်ကြည့်ရှုအားပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်က စိုက်ပျိုးမည့် လယ်ယာမြေများတွင် မြေဩဇာထည့်သွင်းရမည့်အကြောင်းအရာများကို ပြောကြားသည်။

ထို့နောက် ယူရီးယား တစ်ဆ၊ မြေဆွေး သုံးဆ ရောစပ်၍ မြေဩဇာကြဲပက်ခြင်းကြောင့် တောင်သူများအနေဖြင့် ဆုံးရှုံးမှုတန်ဖိုးနည်းပါးပြီး ကုန်ကျစရိတ်သက်သာလာကာ အထွက်နှုန်း ပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါပိုး တွေ့ရှိလူနာများ၏ နေအိမ်ဝန်းကျင်များကို ဆေးမှုတ်ခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါပိုး တွေ့ရှိလူနာများ၏ နေအိမ်ဝန်းကျင်၌ ဆေးမှုတ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို ယမန်နေ့က ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် နေအိမ်များနှင့် နေအိမ်ဝန်းကျင်တို့၌ ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ ရေတွင်း၊ ရေကန်များ၊ ခြင်ပေါက်ပွားနိုင်သည့် နေရာများ၌ ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများ၊ ကျန်းမာရေးအသိပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြကြောင်း သိရသည်။

**ဒဂုံတောင်(ပြန်/ဆက်)**

## တောင်သူအခြေပြုလိုင်း-၆၆ ချည်မျှင်ရှည်ဝါ မျိုးကောင်း၊ မျိုးသန့် မျိုးစေ့ထုတ်စံပြကွက် စိုက်ခင်းကွင်းသရုပ်ပြ

**မြစ်သား ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၆၅၃) တောင်သူ ဦးသိန်းထွန်း၏ ကွင်းတွင် တောင်သူအခြေပြုလိုင်း -၆၆ ချည်မျှင်ရှည်ဝါမျိုးကောင်း၊ မျိုးသန့် မျိုးစေ့ထုတ် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က ကွင်းသရုပ်ပြ စိုက်ပျိုးသည်။

ဦးစွာ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသုတေသန ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်က အရည်အသွေးကောင်းမွန်သည့် ဝါမျိုးကောင်းမျိုးသန့်များဖြစ်လာအောင် မျိုးရိုးဗီဇရွေးချယ်ခြင်းနည်းဖြင့် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းမွန်ရန်အတွက် ဒေသခံတောင်သူများအား ရှင်းလင်းပြောကြား၍ တက်ရောက်လာသည့် ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည်။



ထို့နောက် ဝါမျိုးကောင်း၊ မျိုးသန့်မျိုးစေ့ထုတ် စံပြကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးသုတေသန ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေး သုတေသနညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝါနှင့်လျှော်မျှင် သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ညှိအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူ စုစုပေါင်း ၁၈၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## သမိုင်းဝင်ကျိုက္ခနိမ် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနားကျင်းပ

**ပန်းတနော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မင်းတစုကျေးရွာရှိ သမိုင်းဝင်ကျိုက္ခနိမ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် ကော်မတီဝင်များ၊ မြို့နယ့်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျိုက္ခနိမ်စေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်ခဲ့ကြသည်။

ထို့နောက် သမိုင်းဝင်ကျိုက္ခနိမ်စေတီတော်မြတ်ကြီး၏ မုခ်ဦးတန်ဆောင်းတွင် ကြွရောက်လာသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ပြီး ဩဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ဩဝါဒတရားနာယူကြသည်။

အဆိုပါ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ပြုလုပ်မည်ဖြစ်ရာ မြန်မာ့ရိုးရာ လှေပြိုင်ပွဲ၊ စက်တပ်ရေယာဉ် (ရှိုးနှင့် ဖား)ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲ စသည့်အားကစားပြိုင်ပွဲများနှင့် ညပိုင်းတွင် ဆိုင်းပွဲ၊ အငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အောင်မြေသာစံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲကျင်းပ



**မန္တလေး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲကို တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၂ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မေစံပယ်ဖြူအောင်က ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်များနှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲ၌ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် ၁၀၀ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းများ မြေပြင်ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဘန့်ဘွေးကုန်းကျေးရွာအုပ်စုသို့ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်း ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဝင်းမြတ်ဆွေ၏ ဦးဆောင်မှုဖြင့် ဒုတိယဦးစီးမှူး ဦးထွဋ်ခေါင်ဝင်းနှင့် ဝန်ထမ်းများက ဘန့်ဘွေးကုန်းကျေးရွာအတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ ပျက်စီးပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ဆောင်ရွက်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း လုပ်ငန်းများကို ကျေးရွာ ရပ်ကွက်အတွင်းသို့ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဝင်းဇော်(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်း

**ညောင်ဦး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေမှတ်သည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ ရောက်ရှိရန် ၁၀၂ စင်တီမီတာခန့်လိုကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံဒေါ်ခင်လှနုထွေးထံက သိရသည်။

ညောင်ဦးခရိုင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာ အောက်သာရောက်ရှိနေသေးပြီး စိုးရိမ်ရေမှတ်ရောက်ရှိရန် ၁၀၂ စင်တီမီတာလိုကြောင်း၊ ယနေ့နံနက် ဧရာဝတီမြစ်ရေတိုင်းထွာချက်အရ ၂၀၁၈ စင်တီမီတာရှိနေကာ တဖြည်းဖြည်း ပြန်လည်ကျဆင်းနေကြောင်း၊ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ် အခြေအနေများအား ညောင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နေ့စဉ်မြစ်ရေကြီးမှု အခြေအနေကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းကာ သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးထံက သိရသည်။ ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေတိုင်းတာခြင်းများကို တစ်ရက်သုံးကြိမ်တိုင်းတာကြောင်း၊ စိုးရိမ်ရေမှတ်မရောက်ရှိတော့ဘဲ တဖြည်းဖြည်း ပြန်လည်ကျဆင်းနေကြောင်း သိရသည်။

**ဒီပါလင်း**

## စလင်းမြို့နယ်၌ အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်စေရန် အသိပညာပေး

**စလင်း ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အမှိုက်များကို အမျိုးအစားခွဲခြား၍



စနစ်တကျစွန့်ပစ်တတ်စေရန် အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဆေးရုံဝင်းအတွင်းနှင့် စည်ပင်သာယာဈေးတို့၌ ပြုလုပ်သည်။

ထိုသို့ ဟောပြောရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ခြောက်သွေ့သော ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ သစ်သား စသည့် စွန့်ပစ်ပစ္စည်းတွေကို အမှိုက်ခြောက်အဖြစ် သတ်မှတ်ထားသဖြင့် အဝါရောင်အမှိုက်ပုံးတွင် စွန့်ပစ်ကြရန်၊ အမှိုက်အစိုများက မီးဖိုချောင်ထွက် ပစ္စည်းများ တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများကို စွန့်ပစ်ရန်နှင့် အစိမ်းရောင်အမှိုက်ပုံးဖြစ်ပြီး ပလတ်စတစ်အမှိုက်များကို အပြာရောင်အမှိုက်ပုံး၊ လျှပ်စစ်နှင့်ဓာတုဆိုင်ရာ ဘေးအန္တရာယ်ပစ္စည်းများကို အနီရောင်အမှိုက်ပုံးအဖြစ် သတ်မှတ်ထားရှိပြီး အမှိုက်များကို စွန့်ပစ်ရာတွင် အမှိုက်အမျိုးအစားအလိုက် ဝါ စိမ်း နီ ပြာ ခွဲ ခြား၍ အမှိုက်များစွန့်ပစ်ကြရန် အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

# အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် ဂန္ဓကုဋိဘုရားကျောင်းဆောင် အသစ်ပြန်လည်တည်ဆောက်ခြင်း ရတနာပန္နက်တင် အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် အမရပူရ မြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း ဂန္ဓကုဋိဘုရားကျောင်းဆောင်အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တကုလ္လန္ဒောဘာသာဘိဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်ဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များက ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ထို့နောက် လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်ဒေသနာနှင့် ရေစက်ချတရားနာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မင်္ဂလာအချိန်တွင် ပန္နက်တော်စိုက်ထူတင်လှူပူဇော်ကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရေးနှင့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး အစည်းအဝေးကျင်းပ

**တောင်ကြီး ဩဂုတ် ၂၅**

အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီ ကြွချီအပူဇော်ခံရေးနှင့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျင်းပရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရေးလုပ်ငန်းကော်မတီ ၃၃ ခုက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကြွချီအပူဇော်ခံပွဲသည် စက်တင်ဘာ ၂၂ ရက်တွင် စတင်မည်ဖြစ်ပြီး အောက်တိုဘာ ၉ ရက်တွင် မူလကိန်းဝပ်စံပယ်တော်မူသည့် စံကျောင်းတော်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**






# ဒေသတွင်းစိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေး မင်းဘူး(စကု)မြို့နယ်ရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**မင်းဘူး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ဒေသတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးအတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ကျောက်စံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးနည်းပညာများ၊ မြို့နယ်အတွင်း ဆိုလာလျှပ်စစ် ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်စံ၊ မန်းကောက်၊ မန်းကျိုး၊ ရွာသစ်ကုန်း၊ ကုလားပါး၊ ကန်သစ် ကျေးရွာတို့မှ ဒေသခံ တောင်သူများ၏ စိုက်ပျိုးရေ(ဆည်ရေ)ရရှိရေး၊ ကုန်ထုတ်လမ်းများ ပြုပြင်ဆောင်ရွက်ပေးနိုင်ရေးနှင့် ဒေသတွင်း လျှပ်စစ်ရေတင် စီမံကိန်းအသစ်များ တိုးချဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အဆိုပါကျေးရွာများမှ တာဝန်ရှိသူများထံ ရုပ်သံလွှင့်စက်များနှင့် အထက(ခွဲ)ကျောက်စံကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်ကာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော တောင်သူနည်းပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်း

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်- အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ)တို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# ကော့သောင်းမြို့၌ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကော့သောင်း ဩဂုတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသော ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က ဒေသတွင်း သာယာလှပမှုပုံရိပ်များအဖြစ် ထင်ရှားကျော်ကြားသည့် ရေပေါ်ရေအောက် သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး အားလုံးဝိုင်းဝန်းကာကွယ်ထိန်းသိမ်းလာနိုင်ကြစေရန်၊ ခရီးစဉ်ဒေသအတွင်း၌ အဏ္ဏဝါခရီးသွားလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အဆိုပါအသိပညာပေးဟောပြောပွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Shan Yoma Travel & Tours Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူတတ်သိပညာရှင် ဦးလှအေးက ပင်လယ်ပြင်ကြီးမှ လူသားများအပေါ် အကျိုးပြုနေမှုအခြေအနေများ၊ ပင်လယ်ရေအောက်တွင်ရှိသည့် သက်ရှိသက်မဲ့သယံဇာတများ၏ သဘာဝနှင့် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သည့်အချက်များ၊ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်များ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သည့်အချက်များအပြင် ခရီးစဉ်ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် Public, Private, Partnerships ဟူသည့် သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် ဟောပြောခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့၌ ဩဂုတ် ၂၅ ရက်အထိ သေဆုံးသူ ၃၇၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၉ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၆၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး အင်းလေးဒေသဇရပ်ကြီးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများလွှဲပြောင်းပေးအပ်

**ညောင်ရွှေ ဩဂုတ် ၂၅**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ဒေသဖွံ့ဖြိုးရေးစီမံချက်အရ ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက လေလာကျေးရွာအုပ်စု ဇရပ်ကြီးကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ယုယုက စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦး၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး၊ ရေလုပ်ငန်း လုပ်ကိုင်သူနှစ်ဦး၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း ၅၀တို့အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေမှ ငွေကျပ် ၃၀၀၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ဆင်ပေါင်ဝဲမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ကျေးရွာအုပ်စု ၁၈ အုပ်စု ထုတ်ချေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို



မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၈ အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီက ရွှေမောင်းစွန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၁၈၉ တို့၏ စပါးသီးနှံ ဧက ၂၈၅ ဧက၊ အခြားသီးနှံ ဧက ၆၁၁ ဧကအတွက် ချေးငွေကျပ် ၁၀၃၈ ဒသမ ၅၀ သိန်းအား ထုတ်ပေးခဲ့ပြီး ကျေးရွာအုပ်စု ၁၈ အုပ်စု ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်းအဆိုပါဘဏ်မှ သိရသည်။

ဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါးတစ်ဧက ငွေကျပ် ၁၅၀၀၀၀၊ နှမ်းတစ်ဧက ငွေကျပ် ၁၀၀၀၀၀ တို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

❑ *ကျော်ဖုံးမှ*

သွင်းဂိုးရရှိရေး ရှန်းကန်ခဲ့ရသည်။ သို့သော်လည်း သွင်းဂိုးရရှိရေး တရစပ်ထိုးဖောက်တိုက်စစ်ဆင်လာသည့် ရီးရဲမက်ဒရစ်အသင်းက ပွဲကစားချိန် ၃၇ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး အဓိကတိုက်စစ်ကစားသမား အမ်ဘာပေက သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဒုတိယဂိုးကိုလည်း ပွဲကစားချိန် ၈၃ မိနစ်တွင် အမ်ဘာပေက သွင်းယူပေးခဲ့ပြီး တတိယဂိုးကို လူစားဝင်လာသည့် ဗင်နီစီးယပ်စ်က ပွဲချိန်ပြည့်ခါနီးတွင် သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဗီလာရီးရဲက ဂျီရိုနာကို ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး ဆိုစီဒက်နှင့် အက်စ်ပန်ညို အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **အောင်ဇော်**

❍ *ကျော်ဖုံးမှ*

အား/ကာသိပွဲ အသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်နှစ်ပွဲမှာလည်း အရေးပါလျက်ရှိသည်။

အား/ကာသိပွဲအသင်းသည် ခင်မာလာထွန်း၊ ဇူးလတ်နဒီ (ဂိုး)၊ မိုးမမစိုး၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ လင်းမြင့်မိုရ်၊ ရွှေရည်ထွန်း၊ လင်းလဲ့ဦး၊ ယဉ်လွန်းအိမ်၊ ဟေမာန်စိုး၊ မေထက်လူတို့ဖြင့် ပွဲထွက်လာပြီး ပွဲအစငါးမိနစ်မှာပင် ပြိုင်ဘက်ကစားသမား ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် အဖွင့်ဂိုးရခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် အား/ကာသိပွဲအသင်းက ဆက်တိုက် ဖိကစားလာပြီး ၈ မိနစ်တွင် ယဉ်လွန်းအိမ်၊ ၁၂ မိနစ်တွင် မေထက်လူ၊ ၁၆ မိနစ်တွင် လင်းမြင့်မိုရ်၊ ၁၈၊ ၃၀ မိနစ်တွင် ဖြူဖြူဝင်း၊ ၄၄ မိနစ်တွင် ရွှေရည်ထွန်းတို့က ဂိုးများ ထပ်မံသွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် ခုနစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် အား/ကာသိပွဲအသင်းက ကစားသမားများ ပြောင်းလဲခဲ့ပြီး ပွဲပြီးခါနီးတွင် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ အား/ကာသိပွဲအသင်းအတွက် အနိုင်ဂိုးများကို ၈၇ မိနစ်တွင် စန်းသော်သော်နှင့် ၈၉ မိနစ်တွင် မိုးမိုးသန်းတို့က သွင်းယူခဲ့သည်။

အား/ကာသိပွဲအသင်းသည် အုပ်စု (က) တွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်း၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်း၊ ဂူအမ်ကလပ် Strykers အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၂၈ ရက်တွင် မွန်ဂိုလီးယားကလပ် Khovd Western အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

**ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**



# ဒက္ခိဏသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သီရိ(၅) မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် ဒက္ခိဏသီရိမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးမိုးကြည်က အမှာစကားပြောကြားပြီး သီရိ(၅)မြို့နယ်အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

# ပဲခူးခရိုင်အတွင်းရှိ ကျေးလက်လမ်း၊ တံတား လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး ဩဂုတ် ၂၅**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ဩဂုတ် ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးခရိုင်အတွင်းရှိ ကျေးလက်လမ်း/တံတားလုပ်ငန်းများ၏အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ်အတွင်း ရေတိုက်စားမှုကြောင့် မျောပါသွားသော ဖအောင်ဝဲ-သုံးခွလမ်းပေါ်ရှိ ပေ ၃၀ အရှည် အုတ်ခုံခံကွန်ကရစ်တံတားကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ်အတွင်းရှိ အဝိုင်း-ခုံတိုင်းလမ်း Twin Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)** **သက်ထက်**



# ကမာရွတ်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအသိပညာပေး

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ဒေသခံမဲဆန္ဒရှင်ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ် (၃)ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကမာရွတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြင့်သူက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ခိုင်သဇင်ဖြူက မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများ ပြောကြားသည်။ ထို့နောက် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်းလက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာ၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၂၃၃၆၅၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hino Profia Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၂၃၃၆၅၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၈၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ်



၉၃၅၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Young Man Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှင်ခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ် ၁၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၇၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၄၁၃၂၈၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး၊ Mitsubishi Fuso Truck လေးစီး၊ Hino Profia Truck တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၀၀၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် စွတ်ဆိုင်ကျေးရွာအနီးရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၅၅၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၄၆၅၁၅၇) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၆၁၀၂၉၇၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ (၂) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၇၅၀၀) ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဩဂုတ် ၂၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၁၅ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၆၇)မှု (ခန့်မှန်းတန်ဖိုးငွေ ၃၃၇၃၃၉၇၆၉၃ ကျပ်)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ပန်းတောင်း၊ ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက် ပုသိမ်-မုံရွာ ကားလမ်းမဘေးရှိ အိမ်ငှားနေထိုင်သူ သိန်းထွန်း (၆၃) နှစ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် ၆၉ လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)ရပ်ကွက်နေ သူရအေး (ခ) ဟူစိန် (၃၃) နှစ် မောင်းနှင်လာသော ဆိုင်ကယ်နှင့် မုံရွာမြို့နယ် ဆူးလေကုန်းကျေးရွာနေ ကျော်သက်ခိုင် (ခ) တဲလုံး (၃၀) နှစ် မောင်းနှင်ပြီး ချမ်းမြသာစည်မြို့ အောင်ပင်လယ် ရပ်ကွက်နေ လှိုင်မိုး(ခ)ထွန်းလှိုင်မိုး (၃၀) နှစ် လိုက်ပါလာသည့် MITSUBISHI PAJERO မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၀ (တစ်ပြားလျှင် ငွေကျပ်၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၂၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၁၁ နာရီတွင် သတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာအနီးတွင် မူဆယ်မြို့နယ်ဘက်မှ မိုးညှင်းမြို့နယ်ဘက်သို့ မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ဇင်ထွေး (၂၂) နှစ် မောင်းနှင်ပြီး မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ဇင်အေး(၂၉)နှစ် လိုက်ပါလာသော TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့ နှစ်ဦး သယ်ဆောင်လာသည့် ဘိန်းဖြူအလေးချိန် ၂ ဒသမ ၈၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၉ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀) ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



**တရားခံ ကျော်ဇင်ထွေးနှင့် ကျော်ဇင်အေးတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပခုက္ကူမြို့၌ လူငယ်ရေးရာဟောပြောပွဲကျင်းပ

**ပခုက္ကူ ဩဂုတ် ၂၅**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေ ဗဟုသုတများ လေ့လာသိရှိစေကာ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင် ပြသခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ယာဉ်အမှတ် 2L/1968 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၁၂၉၀ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းနှင်းဆွေ ၅/ကသန(နိုင်)၀၅၃၂၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/27448 Shayan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာနွယ် ၉/ခမစ(နိုင်)၀၃၇၈၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/92549 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်စိုး ၉/မသန(နိုင်)၁၂၄၃၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်(မူလွန်) ရေကျော်ကျောင်းမှ ဒု(လယ်ပြ) ဆရာမဒေါ်မြတ်နန္ဒာ ၇/အတန(နိုင်)၀၈၁၃၆၈ နှင့် (မူလွန်)မင်းဂံရိုးကျောင်းမှ ဒု-(မူပြ)ဆရာမ ဒေါ်နေထက်ထက်ကျော် ၇/အတန(နိုင်)၁၃၅၂၃၅ ၏ ဖခင် ဦးမောင်သန်း(ခ)ဦးသန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်သန်း(ခ)ဦးသန်း**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၂

ဒေါ်အေးသန်းဝင်း **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၃၇)၊ အကွက်(၆၂၉)၊ လမ်း၈၀၊ ၃၁x၃၂လမ်းကြားနေ မောင်ဖုန်းရှိန်ခန့်နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂ဘီလမ်း၊ ၂၈x၂၉လမ်းကြား၊ အိမ်အမှတ်-၁၄/၁၁နေ မောင်မြတ်မင်းသန့်နှင့် ၎င်းတို့၏ကိုယ်၊ အကြောင်း၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၃၇)၊ အကွက်(၆၂၉)၊ လမ်း၈၀၊ ၃၁x၃၂လမ်းကြားနေ ဒေါ်အေးသန်းဝင်းက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ဖုန်းရှိန်ခန့်နှင့် မောင်မြတ်မင်းသန့်တို့၏ အဘွားလေးဖြစ်သည်ဟူ၍ ၎င်းတို့၏ကိုယ်ကို (၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းလျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်း ကိုလူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။

ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်) တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဒေါ်မီမီကျော် (ဘ) ဦးနုဆွေ (၇/တငန(နိုင်)၁၄၅၇၃၇)နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ တိုက် (၅)၊ အခန်း (B-6)ရှိ Aerial Trading Co.,Ltd ၏မန်နေဂျင်းဒါရိုက်တာ ဦးရဲထွန်းနွဲ့(ခ)ဦးရဲမင်းဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

လူကြီးမင်း ဒေါ်မီမီကျော်သည် ကျွန်ုပ်၏မိတ်ဆွေ Aerial Trading Co.,Ltd မှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး ဒေါ်နန်းမိုမိုအောင်နှင့် (၂၉-၇-၂၀၂၅)နေ့စွဲပါနှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်ကို ချုပ်ဆို၍ ငွေကျပ်(၂၅၀၀၀၀၀၀/-)(ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို လူကြီးမင်းအား ပေးအပ်ခဲ့ပြီးနောက်ပိုင်း လူကြီးမင်းသည် တရားဝင်ခွင့်တိုင်ကြားမှုမရှိဘဲ ခွင့်မဲ့ပျက်ကွက်နေပြီး ယနေ့ထိတိုင်အောင်ကုမ္ပဏီသို့ လာရောက်ခြင်းမရှိ၊ ဆက်သွယ်ဆောင်ရွက်ခြင်းလည်းမရှိဘဲ အကြောင်းမဲ့တမင် ပျက်ကွက်လျက်ရှိနေသည့်အပြင် အလုပ်တာဝန်များ၊ ငွေကြေးစာရင်းဇယားများနှင့် ငွေကျပ်(၂၅၀၀၀၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကိုလည်း ဖြေရှင်းဆောင်ရွက်ရန် တမင်ရှောင်တိမ်းပျက်ကွက်လျက်ရှိနေပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေ ကုမ္ပဏီသို့ လာရောက်ဆက်သွယ်၍ စာရင်းရှင်းလင်းဆောင်ရွက်ပေးပါရန်၊ ငွေကျပ်(၂၅၀၀၀၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ပြန်လည်ပေးအပ်ရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲတရားဥပဒေတစ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေသီထွန်း(LL.B, D.B.L, D.I.L)** **ဒေါ်စန်းမို့မို့ (LL.B)**
**(စဉ်- ၈၈၄၄/၂၀၁၃)တရားလွှတ်တော်ရှေ့နေ** **(စဉ်-၅၅၁၈/၂၀၂၃)အထက်တန်းရှေ့နေ**
**၅၈(E)လမ်း၊ ၁၀F x ၁၀H ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၅၄၁၄၁၅၊ ၀၉-၄၅၁၈၁၆၁၁၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂၉

ဒေါ်အေးအိသု **နှင့်** ဦးထွန်းရှိန်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဆ-၈)၊ ဘောလုံးကွင်းတိုက်တန်း၊ အမှတ်(၂)ရပ်ကွက်နေ ဦးထွန်းရှိန် (ဘ)ဦးပြူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးထွန်းရှိန်(ဘ)ဦးပြူး သင့်အပေါ်၌ တရားလိုဒေါ်အေးအိသုက "မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၉)၊ ဦးပိုင်အမှတ် (၁၂)၊ ဧရိယာ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးထွန်းရှိန်အမည်ပေါက်ဂရန် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၈-၂၀၂၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)တွင်ပါသော ကန့်ကွက်ကြော်ငြာတွင် ကိုယ်စားလှယ်လွှဲစာ အမှတ် ၁၃၆၈/၂၀၂၂ (၄-၉-၂၀၂၂) အစား(၅-၄-၂၀၂၂)ဟုလည်းကောင်း၊ ဒေါ်မှုန်းနွန်မွှေး အစား ဦးမှုန်းနွန်မွှေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာ အုပ်စု၊ ပေါက်တောကျေးရွာနေ ဦးကျော်ဆန်းလွင်၏သမီး STEM ကိုယ်ပိုင် အထက်တန်းကျောင်းမှ မအိအိထက်၏ အမည်မှန်မှာ မအိရွှေစင်ကျော် ဖြစ်ပါကြောင်း။

**မအိရွှေစင်ကျော်**

# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအတွက်
# BBM, BA(EPP), BA(Journalism), BTHM, BEF
# ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါဘွဲ့ သင်တန်းများအား ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (က) | Bachelor of Business Management | BBM | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |
| (ခ) | Bachelor of Arts (English for Professional Purposes) | BA(EPP) | (၄)နှစ် | (၁၂၀)ဦး | အချိန်ပြည့် |
| (ဂ) | Bachelor of Arts (Journalism) | BA(Journalism) | (၄)နှစ် | (၁၂၀)ဦး | အချိန်ပြည့် |
| (ဃ) | Bachelor of Tourism and Hospitality Management | BTHM | (၄) နှစ် | (၂၀၀)ဦး | အချိန်ပြည့် |
| (င) | Bachelor of Economics and Finance | BEF | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါ ဘွဲ့သင်တန်းများဖြစ်သော BBM, BA(EPP), BA(Journalism), BTHM နှင့် BEF သင်တန်းများသို့ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်မည်သူမဆို လျှောက်ထားနိုင်သည်။

၃။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်သို့ ဝင်ခွင့်လျှောက်ထားသူများသည် Online စနစ်ဖြင့် Website Page www.nmdc.edu.mm မှတစ်ဆင့် Online Admission မှ တက္ကသိုလ်ဝင်ခွင့်ကို နှိပ်၍ တိုက်ရိုက် လျှောက်ထားကြရမည်ဖြစ်သည်။ လျှောက်ထားမည့်သူများသည် မိမိ၏ကိုယ်ပိုင် E-mail account ဖြင့် လျှောက်ထားရမည်။ (ကျောင်းတွင်လာရောက်လျှောက်ထားလိုပါက ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ (၆)ထပ်ပင်မဆောင်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် ရုံးချိန်အတွင်းလာရောက် လျှောက်ထားနိုင်သည်။)

၄။ လျှောက်လွှာလက်ခံမည့်ရက် - ၂၆-၈-၂၀၂၅ရက်မှ ၃၀-၉-၂၀၂၅ရက်ထိ

၅။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများလျှောက်ထားနိုင်သည်-
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) **၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။**

၆။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင် စာမေးပွဲတွင်ရရှိသော ရမှတ်စာရင်း (မူရင်း)
(ခ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/ မိတ္တူ)
(ဂ) လိုင်စင်ဓာတ်ပုံ(၃)ပုံ
(ဃ) အချက်အလက်များ မှန်ကန်မှုမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ **ဖုန်း-(၁)၀၁၈-၂၉၂၅၆၆** နှင့် **ဖုန်း(၂) ၀၉-၄၄၂၅၈၈၄၀၇** တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၂)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ၀ဒသမ ၀၅၅၁ဧကရှိ ဂရန်မြေကွက်သည် ဦးကျော်ဆွေ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ဦးကျော်ဆွေ ကွယ်လွန်သွား၍ ဦးကျော်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်ဝင်းရီမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင် ကြေညာစာချုပ်စာတမ်းဖြင့် အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ဒေါ်ဝင်းရီ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်ထူး)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစိုင်းအိုက် နှင့် ဒေါ်နန်းအေးမိုးတို့က အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆို၍ပိုင်ဆိုင်ခဲ့ပြီး အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဆိုပါက အချိန်မရွေး လိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်ဝင်းရီ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်ထူး)နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B (Advocate) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅)**
**ဖုန်း- ၀၉ - ၄၀၂၅၉၆၅၅၁**

---

## ငွေးချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊နည်းဥပဒေ-၂၀)
## အမရပူရမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

ဦးအောင်မောင်း **နှင့်** ဦးကျော်မြင့်နိုင်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းနု)
**(တရားလို)** **(တရားပြိုင်)**

အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာနေ ဦးကျော်မြင့်နိုင်(ဘ)ဦးကျော်ဝင်း (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်မောင်း (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းနု)က ၁၂-၆-၂၀၁၆ရက်စွဲပါ လယ်ယာမြေအရောင်းအဝယ်ကတိစာချုပ်နှင့် ၁၂-၉-၂၀၁၆ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၂၇/၂၀၁၆) တို့သည် ငွေပေးချေယူမှုအတွက် ပြုလုပ်ထားသောဟန်ဆောင်အရောင်းအဝယ်စာချုပ်နှင့် ဟန်ဆောင်ကိုယ်စားလှယ်လွှဲစာများဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ထိုစာချုပ်အရ ပြန်လည်ပေးဆပ်ရန် သဘောတူထားသောကျန်ငွေ ကျပ်သိန်း(၅၀)ကျပ်အား တရားပြိုင်မှ လက်ခံကာတရားလို အမည်ပေါက်အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၇၄-A)၊ ဦးပိုင်အမှတ် (၁၈-က/၆)ရေိယာ ၃ ဒသမ ၉၁၏ လယ်ယာမြေပုံစံ(၇)၊ မြေစာရင်းပုံစံ(၁၀၅)စာအုပ်မူရင်းအား တရားလိုသို့ လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(သွယ်ဇင်မြင့်မောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**အမရပူရမြို့နယ်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/53600 Zeniz 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအိသု ၅/ရတန(နိုင်)၁၆၉၄၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/33473 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းနွယ် ၉/ပသက(နိုင်) ၀၇၆၉၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/52044 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုမာ ၅/ကဘလ(နိုင်)၂၀၄၃၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ဖခင်အမည်မှန်

သာကေတမြို့နယ်၊ ကောင်းဇော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8မှ မထာဝစဥ်လင်းလက်၏ ဖခင်အမည်မှန်မှာ စောမြင့်ထွေး ၁၄/ခနဖ(နိုင်)၀၉၁၂၅၅ ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုးအောင်၏သမီး မသီရိစိုး ၇/ညလပ(နိုင်)၁၃၈၇၆၈ ၏ Passport No-744259 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၆၉၅၁၃၂**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/91512 Dayang 125 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 68W/46371 Dayang 125 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

---

## OWIC ကတ်ပျောက်

ကျွန်တော်ဦးသန့်ဇော်ထွန်း ၉/မခန(နိုင်)၂၄၄၁၀၇ ၏ OWICကတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၈၇၇၀၅၇၅**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်လတ် ၇/ကတခ(နိုင်)၀၀၁၀၇၀ ပိုင်ဆိုင်သော ကားနံပါတ် HH/2663 ၏CNG (Gas) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။ **ဖုန်း-၀၉-၄၄၃၀၇၀၀၂၀**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 31W/48248 Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစုကြည် ၈/စလန(နိုင်)၀၀၀၁၃၃ က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1149 Nissan ADVAY 12 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချွန်လင် ၁၃/လရန(နိုင်)၀၆၁၇၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မှုံရွာခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅

၁။ ဦးထွန်းဝေ **နှင့်** ၁။ ဒေါ်နီလာဝင်း
၂။ ဒေါ်အုန်းမြင့် ၂။ ဒေါ်စန္ဒာဝင်း
၃။ ဦးမျိုးခိုင် ၃။ ဒေါ်ဇင်မာလင်း
၄။ ဒေါ်ခင်မာဆန်း ၄။ ဦးဇော်လင်းသူ
၅။ ဒေါ်သီတာအေး
၆။ ဦးဆန်းထွန်းဝင်း
**(တရားလိုများ)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ် (၁၃၁၂)ရပ်နေ အမှတ်(၃)တရားပြိုင် ဒေါ်ဇင်မာလင်း (ဘ) ဦးဘလင်းနှင့် အမှတ်(၄) တရားပြိုင် ဦးဇော်လင်းသူ (ဘ)ဦးဘလင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးထွန်းဝေ ပါ(၆)ဦးက လိမ်လည်လှည့်ဖြားရယူထားသော ဒီကရီပယ်ဖျက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅-ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် လိုအပ်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းရဲသူ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မုံရွာခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ် CL-3၊ အခန်းအမှတ်-102၊ အခန်းအမျိုးအစား - City loft၊ အကျယ်အဝန်း - 710 စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆွေဇင်ဝင့် ၁၂/ပဇတ(နိုင်)၀၀၀၁၁၀ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုလတ် ၁၂/ဥကတ(နိုင်)၀၃၅၆၆၂**
**ဖုန်း-၀၉-၅၁၆၈၅၈၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်(ထ/၆၆-၂) (၄၀x၁၀၀)ပေ၊ ၀ ဒသမ ၀၉၂ဧက၊ (၄၀၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(အဆောင်)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးငွေအောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်း၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းတို့ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးငွေလှိုင် ၁၁/သတန(နိုင်)၀၅၈၃၀၁မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀) မြေငှားဂရန်မူရင်း၊မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းတို့ဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်တင်ဇာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၈၇၇၄၅၈၅၂၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၁၀၇၇)၊ (၄၂x၆၀)ပေ၊ ၀ ဒသမ ၀၅၈ဧက(၂၅၂၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသန်းမောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသက် ၁၂/သဃက(နိုင်)၀၃၉၂၇၂ မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်တင်ဇာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉-၈၇၇၄၅၈၅၂၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေတိုင်းလမ်း၊ မြေကွက်အမှတ်(၂၁၁)၊ ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ်-၂၀၉နှင့်ကပ်လျက်ခြမ်းဖြစ်သည့် အမှတ်(၂၁၁/က)၊ ပေ(၂၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးကျော်သူရနှင့် ဦးဟန်မြတ်မောင်တို့၏ ပူးတွဲအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အိအိသွယ် ၁၃/တကန(နိုင်)၀၀၂၆၀၂မှ ၎င်း လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀) မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးကြွယ်ငွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ဒေါ်မြင့်ကြည်
### ဒု - ဦးစီးမှူး (ငြိမ်း)၊ ရှေ့နေချုပ်ရုံး
### အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဒေါင်းမင်းလမ်း၊ အမှတ်(၂၃၄/၂) နေ (ဦးကျော်မြိုင် - ဒေါ်လှခင်) တို့၏သမီး၊ (ဦးသန့်-ဒေါ်ထွေး) တို့၏ချွေးမ၊ (ဦးစိန်လှိုင်)(တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ဇနီး၊ ဦးသက်ထူး-ဒေါ်ခိုင်ထက်ဝေ၊ ဦးပြည့်ဖြိုးလင်း - ဒေါ်စန္ဒာအောင် တို့၏ မွေးသမိခင်၊ မောင်ကြယ်စင်နိုင်၏အဘွားသည် (၂၅-၈-၂၀၂၅)ရက် (တနင်္လာနေ့)နံနက် (၈:၄၅) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၂၇-၈-၂၀၂၅) ရက် ( ဗုဒ္ဓဟူးနေ့ ) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက် (ခန်းမ-၁/၀)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ (၁၂:၃၀)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍(၃၁-၈-၂၀၂၅)ရက်(တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့ကို ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၈၀၈)၊ (ပဂိုးကုန်းမြောက်ကွင်း)၊ မြေကွက်အမှတ်(./၄၉၇တစ်ပိုင်း)၊ ဧရိယာ (၀ဒသမ ၁၁) ဧကရှိမြေကို ဦးကျော်မင်းထက် ၅/ကဘလ(နိုင်) ၁၄၂၅၁၀၀ ပုဂ္ဂလိက မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ အဆိုပါမြေသည် လျှောက်ထားသူမှ ပိုင်ဆိုင်ကြောင်း ရွှေဘိုခရိုင်တရားရုံးတွင် (၁၅-၈-၂၀၂၅)ရက်စွဲပါ ကျမ်းကျိန်ဆိုချက်အမှတ်စဉ်(၁၂၁/၂၀၂၅)ဖြင့် ကျမ်းကျိန်ဆိုထားရှိခြင်းအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## အများသိစေရန်ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက် နယ်မြေ(၂) အတွင်းရှိ ကွင်း/အကွက် အမှတ်စဉ် ၁၈/ကျွန်စစ်သား၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀.၁၁၃)ဧကအကျယ်အဝန်းရှိ ပိုင်းမြေကွက်နှင့် ထိုမြေပေါ်ရှိ အဆောက်အအုံများသည် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ဝိုင်းခြံမြေနှင့် အဆောက်အအုံများဖြစ်ပါသည်။ တပ်ကုန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ဝိုင်းခြံမြေနှင့် အဆောက်အအုံများသို့ တပ်ကုန်းမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ နေထိုင်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင့်တင့်ကြည်(အထက်တန်းရှေ့နေ)**
**(စဉ်-၆၁၈၅/၂၆-၆-၁၉၈၂)**
**လမ်းမတော်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့**
**ဖုန်း-၀၉-၄၂၀၇၂၀၅၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၇၀၇)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးကျော်ဇောလင်း ၁၂/ဥကမ(နိုင်)၂၇၅၄၁၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၃)**
**အမှတ်(၅၆၅/၅၆၇)၊ MAC TOWER၊ အခန်းအမှတ်(၆၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၉၃၄၄၃၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ မြေတိုင်းအမှတ်(၂-B)၊ မြေကွက်အမှတ်(၂၈၂+၄၁^ခ)၊ မြေဧရိယာ (၀ဒသမ၀၇၃)ဧကရှိမြေအား ဦးပေါ်ကြည်မှ ဒေါ်စန်းနွဲ့ မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်စန်းနွဲ့ မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဇောတိကရပ်ကွက်၊ အကွက်အမှတ် (၄/ဇောတိက)၊ မြေကွက်အမှတ်(၄၈) မြေဧရိယာ(၀.၁၃၇) ဧကရှိ မြေအား ဒေါ်တင်တင်မိုး ၇/မညန (နိုင်) ၀၅၂၃၂၂မှ နှစ်(၃၀)မြေငှားဂရန် အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် အဆိုပါမြေငှားဂရန် လျှောက်ထားလိုမှုအား ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မိုး**
**၇/မညန(နိုင်)၀၅၂၃၂၂**
**ဇောတိကရပ်ကွက်၊ မိုးညိုမြို့**

## ဟသ်္သာတအသင်း
## အကြံပေးပုဂ္ဂိုလ်
## ဦးမြင့်အောင် (ဖြိုးရွှေရည်)
## သမ္မတစားသောက်ဆိုင်(ညောင်တုန်း)
## အသက်(၇၃)နှစ်

ဟသ်္သာတမြို့နေ(ဦးမောင်ခ-ဒေါ်တင်လှ)တို့၏သား၊ ဒေါက်တာဒေါ်ယဉ်ယဉ်၏ခင်ပွန်း၊ မောင်ဝေဖြိုး၊ မရွှေရည်ဖြိုးတို့၏ဖခင်၊ ဦးမြင့်အောင်(ဖြိုးရွှေရည်) သည် ၂၃-၈-၂၀၂၅ ရက် ညနေ (၃:၃၀) နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ၂၇-၈-၂၀၂၅ရက် မွန်းလွဲ ၁နာရီတွင် ဟသ်္သာတမြို့ မီးသင်္ဂြိုဟ်စက်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများနှင့် မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဟသ်္သာတအသင်း(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ အကွက်အမှတ်(၂၃၊ ရုံးတော်ကွက်)၊ ဂရန်အမှုတွဲအမှတ် RPNO-၃၀၀/ V / ၁၉၆၁ - ၆၂ အရ ဦးအေးကြည် အမည်ပေါက် အလျား x အနံ (၃၀ x ၇၅) ပေ အကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော (၁) ဒေါ်နှင်းညွန့် (၁၂/သလန(နိုင်)၀၁၅၉၈၃)၊ (၂) ဒေါ်လှမြင့် (၁၂/သလန (နိုင်) ၀၃၈၁၂၆)၊ (၃) ဒေါ်အုန်းမြင့် (၁၂/သလန(နိုင်)၀၆၇၇၇၅)၊ (၄) ဒေါ်ယဉ်ယဉ်ထွေး (၁၂/သလန(နိုင်)၀၅၄၇၉၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကရင်စတီနာမေရီ (၁၂/ဒလန(ပြု)၀၀၁၄၆၈)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်လွှဲရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇောနည် (LL.B, D.B.L D.I.B.L) (စဉ်- ၁၄၆၆၈)**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် (LL.B, D.I.B.L) (စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၅)ရပ်ကွက်၊ အမှတ် (၁၅၀၂)၊ အလျား(၂၀)ပေxအနံ(၆၀)ပေ၊ ခေါင်းရင်းခြမ်းရှိ ဦးကျော်ဟိန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ရီရီနွဲ့ ၁၂/လကန(နိုင်)၀၇၂၇၄ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးပြည့်စုံဝင်း ၁၂/တမန(နိုင်) ၁၁၁၆၉၀က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယခုအဆိုပါ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ပြည့်ဖြိုး(LL.M,LL.B,DBL,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၀၁)**
**တိုက်အမှတ်(၃၁)၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း -၀၉-၂၅၁၀၇၁၆၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၈၇၈)ဟုခေါ်သော(၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ အဆောက်အအုံ၏ မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်းအကျယ်အဝန်း (၁၁ပေခွဲx၄၈ပေ)နှင့် ၎င်းတိုက်ခန်းပေါ်မှရေစက်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိ ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ခင်မာထွေး (၁၂/လမတ(နိုင်)၀၀၅၅၄၁)မှ ရောင်းချမည်ဖြစ်ပါသောကြောင့် အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာရှိနိုင်သူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မာထွေး**
**ဖုန်း-၀၉-၄၂၁၁၀၀၈၆၅**

## အင်္ဂလိပ်အက္ခရာ ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/7844၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)**
**ရွှေဘိုမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/6327၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမိုဟာမက်ဖာဒွတ်ဘိုင်(ခ)ဦးမျိုးလွင်ဦး
### Yojin ဘိလပ်မြေစက်ရုံ
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေလမ်း၊ အမှတ်(၁၁၆/၁၁၈)နေ အာဇစ်ဘိုင်(ခ)ဦးတင်ဦး(စား/ဖျော်-ငြိမ်း)-ဒေါ်ဟာဘီပါ(ခ)ဒေါ်မြသန်း၊ ဒေါ်သော်သော်ဇင်(မော်လမြိုင်)တို့၏သား၊ ဟာဂျီမအာစီရာဘီ(ခ)မမြတ်သင်းခိုင် ၏မောင်၊ ဟာဂျီ မိုဟာမက်ဖာဒွတ်ဘိုင်(ခ) ဦးမျိုးလွင်ဦးသည် (၂၄.၈.၂၀၂၅)ရက်(တနင်္ဂနွေနေ့) နံနက် ၇:၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီး စီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 45W/2697 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**ဟသ်္သာတမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ရွှေဥဒေါင်းလမ်း၊ မြေကွက်အမှတ် ၉၈၃၊ ဒေါ်လှပျော် (AA- ၀၄၂၂၃၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေx၆၀ပေ)(ခြေရင်းခြမ်း) (မြေကွက်အမှတ်-၉၈၂နှင့်ကပ်လျက်ခြမ်း)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်ပပမြင့်၉/မမန(နိုင်)၀၀၃၆၈၂ထံမှကျွန်ုပ်တို့၏မိတ်ဆွေများကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ် ခိုင်ဆုဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၃၃၆၉)**
**ဒေါ်မိုးမီမီခိုင်(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၃၄၉၁)**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ ရေဝဏ်လမ်း၊ မြေကွက်အမှတ် (၇၀၆)၊ အကျယ်အဝန်း (၄၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ မြေစာရင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန၏ အမှတ်စဉ်အမှတ် (၁၀၁)အရ ဦးဇော်ဝင်း (၁၂/ပဘတ (နိုင်)၀၁၆၉၆၄)၊ (DDE-002083)အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထိန်ဝင်း (၁၃/တကန (နိုင်) ၂၈၃၁၆၀)မှ အဆိုပါ မြေကွက်အား မိမိမှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီတရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးဇာခြည်(LL.B) (D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)**
**ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**
**အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ) ဦးတင်မောင်၏သမီး ဖြူးမြို့နယ်၊ အထက ဘုရားလဟာကျောင်းမူလတန်းပြ ဆရာမ ဒေါ်စပယ်(ခ)ဒေါ်စပါယ် ၇/ ဖမန (နိုင်)၀၆၄၂၇၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်စပယ်(ခ)ဒေါ်စပါယ်**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ အထက(၂)ကျောင်း G-11မှ မသန်း သန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးစူစက်ကူးမား ၇/ ဖမန(နိုင်)၁၀၆၀၄၁ ဖြစ်ပါကြောင်း။

**ဦးစူစက်ကူးမား**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/27855, KAMAX-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထက် ၇/ဇကန(နိုင်) ၀၄၂၈၈၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(ရွာသစ်) Grade-12တွင် ပညာသင်ကြားနေသော နန့်ဇင်နွယ်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြတင် ၁၄/အမန (နိုင်) ၁၄၀၈၅၉ ဖြစ်ပါကြောင်း။

**ဦးမြတင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထက (ထနောင်းတိုင်) Grade-12 တွင် ပညာသင်ကြားနေသော မောင်ရီဝေနိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးလှိုင် ဖြစ်ပါကြောင်း။

## (၁၄.၈.၂၀၂၅)ရက်စွဲဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၂၀/အင်းလျားကွင်း)၊ ဦးပိုင်အမှတ် (၅၁/၈)၊ဧရိယာ(၀.၃၆)ဧက၊ ဦးပိုင်အမှတ်(၅၂/၈)၊ ဧရိယာ(၀.၈၀)ဧက အကျယ်အဝန်းရှိ ဦးမောင်သောင်း(ဘ)ဦးလှမောင် (၉/မနမ(နိုင်)၀၉၆၂၇၄ အမည်ပေါက် မြေများနှင့် စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာချက်နှင့် စပ်လျဉ်းပြီး ဦးမြင့်မြတ်မြိုင် မှ ကန့်ကွက်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ ဦးပိုင်အမှတ်(၅၁/၈)နှင့်(၅၂/၈)ရှိ မြေများအား လက်ရှိထားပိုင်ဆိုင်သူ ဦးမောင်သောင်း(ဘ) ဦးလှမောင်(၉/မနမ(နိုင်)၀၉၆၂၇၄ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်မြတ်မြိုင်၊ ဦးမျိုးမင်းဦး၊ ဦးသက်ဇင်ဦးတို့ (၃)ဦးမှ ပေါင်းစပ်ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေအဖြစ် ပထမအကြိမ် ငွေသိန်း (၇၀၀) ကျပ်အား ဦးမျိုးမင်း၊ ဦးမြင့်မြတ်မြိုင်၊ ဦးသက်ဇင်ဦး တို့ကိုယ်စား ဦးမျိုးမင်းဦးမှ စရန်ငွေပေးအပ်သူ (ဝယ်ယူသူ)အဖြစ် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအပြင် ဒုတိယအကြိမ် စရန်ငွေသိန်း(၁၄၀၀)ကျပ်အား အထက်အမည်ပါ(၃)ဦးကိုယ်စား ဦးမြင့်မြတ်မြိုင်မှ စရန်ငွေပေးအပ်သူ (ဝယ်ယူသူ)အဖြစ် စရန်ငွေများ ဦးမောင်သောင်းထံသို့ ပေးချေခဲ့ပါသည်။ အထက်ဖော်ပြပါ မြေများသည် ဦးမြင့်မြတ်မြိုင်၊ ဦးမျိုးမင်းဦး၊ ဦးသက်ဇင်ဦးတို့ (၃)ဦးပေါင်းစပ်ဝယ်ယူထားသည့် မြေများဖြစ်သည့်အတွက် ဦးမျိုးမင်းဦး တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒဖြင့် အပြီးအပြတ် အရောင်းအဝယ်ပြုလုပ်ခွင့်မရှိပါကြောင်း၊ ဦးမျိုးမင်းဦးမှ ကျန်ငွေပေးချေပြီး အပြီးအပြတ် အရောင်းအဝယ်ပြုမည်ဖြစ်ကြောင်း(၁၄. ၈- ၂၀၂၅) ရက်စွဲ သတင်းစာပါ ကြေညာချက်အား ဦးမြင့်မြတ်မြိုင်မှ ကန့်ကွက်ပါကြောင်း ဦးမျိုးမင်းဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးမြင့်မြတ်မြိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နန်းလွင် (LL.B )တရားလွှတ်တော်ရှေ့နေ**
**စစ်တောင်းလမ်းနှင့် စွယ်တော်လမ်းထောင့် ၊ ပုဗ္ဗသီရိမြို့နယ်၊**
**ဖုန်း-၀၉-၇၅၅၆၉၇၃၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ ဘိုးဘုံရပ်ကွက်၊ အကွက်အမှတ်(TL-၁၀)၊ ဘိုးဘုံရပ်၊ ဦးပိုင်အမှတ်(၁၉)၊ မြေဧရိယာ (၀ဒသမ၁၂၄)ဧကရှိ အောက်ဖော်ပြပါ အလားအလာပါသည့်-

(က)အရှေ့လားသော် ပဲခူးစစ်တောင်းတူးမြောင်း၊ (ခ) အနောက်လားသော်-ဦးပိုင်အမှတ် (၂၀ခ)၊ (ဂ) တောင်လားသော်- ဦးပိုင်အမှတ်(၁၈က)၊ (ဃ) မြောက်လား သော်-ဦးပိုင်အမှတ်(၂၂) အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်မြေ အမည်ပြောင်းလဲပေးရန် ယောဂါလက်ချမ်း (ခ) ဒေါ်သန်းသန်း ၇/ဝမန (ပြု)၀၀၀၀၁၇မှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်တင်ပြမှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဝေါမြို့**

## သွေးသည် အသက်

❖ တိုင်းပြည်တစ်ခုရဲ့ အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့ အချုပ်အခြာအာဏာထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အာရှအမျိုးသမီးချန်ပီယံလိဂ်ခြေစစ်ပွဲ အား/ကာသိပ္ပံအသင်း ဂူအမ်အသင်းကို ဂိုးပြတ်နိုင်

ရန်ကုန် ဩဂုတ် ၂၅

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲ အုပ်စု (က) ပထမနေ့ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယနေ့ ကျင်းပရာ မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်းက ဂူအမ်အမျိုးသမီးကလပ် Strykers အသင်းကို ကိုးဂိုးပြတ်အနိုင်ရရှိသည်။

လက်ရွေးစင် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် အား/ကာ သိပ္ပံအသင်းသည် ဂူအမ်ကလပ်အသင်းထက် အစစအရာရာသာလွန်ကာ ခြေပြတ်ဂိုးပြတ်အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❍



အား/ကာသိပ္ပံအသင်းတိုက်စစ်မှူး မေထက်လူ ဂူအမ်ကလပ် Strykers အသင်းဘက်သို့ ထိုးဖောက်စဉ်။

**ယနေ့ သတင်းအညွှန်း**

**နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်**

ထုတ်ပြန်ချက် စာ ၄

**တရုတ်နိုင်ငံ ကွေကျိုပြည်နယ်တွင် ကမ္ဘာ့အမြင့်ဆုံးတံတား ခံနိုင်ဝန်စမ်းသပ်မှုပြီးဆုံး**

နိုင်ငံတကာသတင်း စာ ၁၄

## တိုက်စစ်ကစားသမား အမ်ဘာပေ ခြေစွမ်းပြမှုနှင့်အတူ ရီးရဲမက်ဒရစ်က အိုဗီဒိုကို ဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါပွဲစဉ်(၂) မှ ဩဂုတ် ၂၅ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် အိုဗီဒိုနှင့် ရီးရဲမက်ဒရစ်အသင်း ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက အဓိက တိုက်စစ်ကစားသမား အမ်ဘာပေ၏ သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အမ်ဘာပေသည် ရီးရဲမက်ဒရစ်က အိုဆာဆူနာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော လာလီဂါ အဖွင့်ပွဲစဉ်တွင်လည်း အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် အမ်ဘာပေသည် လာလီဂါနှစ်ပွဲ ကစားပြီးချိန်တွင် သွင်းဂိုး သုံးဂိုးရှိလာပြီဖြစ်သည်။

အိုဗီဒိုအသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိဘဲ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။ အိုဗီဒိုအသင်းသည် လာလီဂါ အဖွင့်ပွဲစဉ်တွင်လည်း ပြိုင်ဘက်ဗီလာရီးရဲအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ထားသောကြောင့် လာလီဂါနှစ်ပွဲ ကစားပြီးချိန်တွင် နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည့်အတွက် ရမှတ်ရရှိထားခြင်း မရှိသေးပေ။

အိုဗီဒိုအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် ရီးရဲမက်ဒရစ်အသင်းသည် မိနစ် ၃၀ ကျော်အထိ

စာမျက်နှာ ၂၀ ကော်လံ ၁ ❑



အိုဗီဒိုအသင်းဘက်သို့ ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာပေ အဖွင့်ဂိုးသွင်းယူစဉ်။

## တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်



Japan Meteorological Agency(JMA) မှ တိုင်ဖွန်းမုန်တိုင်း"ကဂျိကိ" လမ်းကြောင်းပြပုံ

နေပြည်တော် ဩဂုတ် ၂၅

**တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" အခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း"ကဂျိကိ"သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံကမ်းခြေကို ဗင့်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ကာ ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

**၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၉ နာရီအတွင်း ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းတွင် အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ ၁၈ နာရီအတွင်း လာအိုနိုင်ငံအထက်ပိုင်းဒေသများတွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ ၂၄ နာရီအတွင်း ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများတွင် လေဖိအားနည်းဆဲလ်အဖြစ်သို့ လည်းကောင်း အသီးသီးအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏ အရှိန်ကြောင့် ယနေ့ညမှ ဩဂုတ် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား

စာမျက်နှာ ၁၅ ကော်လံ ၁ ◆